ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ ရက်၊ တနင်္ဂနွေနေ့၊ (17-6-2007) (၅၃၅၁)

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး **H.E. Mr. Alexander P.Losyukov** အား နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၁၆

**ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Alexander P.Losyukov နှင့် အဖွဲ့ဝင်များအား ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး **H.E. Mr. Alexander P.Losyukov** နှင့် အဖွဲ့ဝင်များအား နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

### တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ နိုင်ငံတော်

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ✪

ကြေးမုံ
The Mirror

**"အသုံးချခံများ"**
**ဆောင်းပါး**
**အညွှန်း**

**"အချုပ်အခြာအာဏာပိုင်ဆိုင်တဲ့ နိုင်ငံတစ်နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားဖော်ဆောင်မှုဟာ ဘယ်သို့ဖြစ်သင့်တယ်၊ ဘယ်သို့ဖြစ်ရမယ်ဆိုပြီး ဘယ်လိုပြည်ပအင်အားစုမျိုးကမှ ချုပ်ချယ်ညွှန်ကြား အကျပ်ကိုင်တောင်းဆိုတာမျိုး လုပ်ဆောင်ခွင့်မရှိဘူး။ လက်ရှိ မြန်မာနိုင်ငံအရေးနဲ့ ပတ်သက်လာရင်လည်း ထိုသဘောအတိုင်းပဲ။ ဘယ်နိုင်ငံ၊ ဘယ်အင်အားစုကမှ ဝင်ရောက်စွက်ဖက်ခွင့် မရှိဘူး"**

ဝဏ္ဏမင်းခေါင်၏ **"အသုံးချခံများ"** (ဆောင်းပါး) စာမျက်နှာ—၈၉

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၁၇–၆–၂၀၀၇
(တနင်္ဂနွေနေ့)

# မူးယစ်ဆေးဝါးအန္တရာယ် တားဆီးတိုက်ဖျက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်

မူးယစ်ဆေးဝါးများသည် လူသားအားလုံးကို ထိခိုက်စေသည်။ မူးယစ်ဆေးဝါးသုံးစွဲသူနှင့် နီးနွယ်ဆက်စပ်လျက်ရှိသော ပတ်ဝန်းကျင်တွင်ပါ လူမှုရေးပြဿနာများစွာ ဖြစ်ပေါ်စေသည်။ ယနေ့အချိန်အခါတွင် နိုင်ငံတိုင်း၊ ဒေသတိုင်းက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးတိုက်ဖျက်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်နေကြပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းကို ချမှတ်ဖော်ဆောင်လျက်ရှိသည်။ မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှု တားဆီးနှိမ်နင်းရေးနှင့် သုံးစွဲမှုပပျောက်ရေး လုပ်ငန်းများကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေသည်။

နိုင်ငံတော်က တောင်သူများအား ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးအားပေးကူညီလျက်ရှိသည်။ တိရစ္ဆာန်မွေးမြူရေးနှင့် စီးပွားရေးလုပ်ငန်းများ ထူထောင်လုပ်ကိုင်ရန် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနေသည်။

ထို့ကြောင့် တောင်သူများကိုယ်တိုင် ဘိန်းစိုက်ပျိုးမှုကို စွန့်လွှတ်လာကြပြီး ရော်ဘာ၊ ပျားလိမ္မော်၊ ကြံ၊ နေကြာ၊ အစေ့ထုတ်ပြောင်း၊ လိုင်ချီးနှင့် ရာသီသီးနှံများကို စိုက်ပျိုးလျက်ရှိသည်။ ဘိန်းမျိုးစေ့နှင့် ဘိန်းသီးခြောက်များကိုလည်း အကြိမ်ကြိမ် မီးရှို့ဖျက်ဆီးနိုင်ခဲ့ပြီဖြစ်သည်။

နိုင်ငံတော်က မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ရှာဖွေဖော်ထုတ်ဖမ်းဆီး ဖျက်ဆီးခြင်း၊ တရားခံများအား တရားစွဲဆို ပြစ်ဒဏ်ချမှတ်ခြင်း လုပ်ငန်းများကို ထိရောက်စွာ လုပ်ဆောင်လျက်ရှိသည်။ ထို့အပြင် စိတ်ကြွရူးသွပ်ဆေး ထုတ်လုပ်ရောင်းဝယ်မှုများအား တားဆီးနှိမ်နင်းရေးအတွက် ဓာတုဗေဒပစ္စည်းများ ထုတ်လုပ်ရာ အိမ်နီးချင်းနိုင်ငံများနှင့်ပါ လက်တွဲ၍ ပူးပေါင်းထိန်းချုပ်လျက်ရှိသည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို ပြည်တွင်း၌ နည်းလမ်းအသွယ်သွယ်ဖြင့် ကြိုးပမ်းလျက်ရှိသည့်နည်းတူ နိုင်ငံတကာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်လည်း ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်နေသည်။ မူးယစ်ဆေးဝါးအန္တရာယ် ချုပ်ငြိမ်းပပျောက်စေရေးအတွက် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ် သယ်ဆောင်ရောင်းဝယ်မှု တားဆီးတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပြည်သူတစ်ရပ်လုံးက နိုးနိုးကြားကြား တက်တက်ကြွကြွ ဆက်လက်ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

## ပေးအပ်လှူဒါန်း

**ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ၁၅ လမ်းနေ ဦးထွန်းမြင့်–ဒေါ်ခင်မြ မိသားစုက နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာနှစ်အဖြစ် ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ငါးသိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တဝိနယထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ–နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

## ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ပြန်ပြည့်မြဲစွမ်းအင်သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းကော်မတီ အလုပ်ရုံဆွေးနွေးပွဲကျင်းပ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း အမှာစကားပြောကြား

ရန်ကုန် ဇွန် ၁၆

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ပြန်ပြည့်မြဲ စွမ်းအင်သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းကော်မတီအလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ဇွန် ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကုန်းမြင့်သာရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း တက်ရောက် အမှာစကားပြောကြားသည်။**

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း ပြန်ပြည့်မြဲစွမ်းအင်သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းကော်မတီ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

ရှေးဦးစွာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းအတွင်းရေးမှူး အကြံပေးအဖွဲ့ဝင် ဦးဝင်းခိုင်က Biofuels Development in ASEAN Countries စာတမ်းကိုဖတ်ကြား တင်ပြဆွေးနွေးသည်။

### ဆွေးနွေး

ဆက်လက်၍ ရန်ကုန်တိုင်း ပြန်ပြည့်မြဲ စွမ်းအင်သုတေသနနှင့် ဖွံ့ဖြိုးမှုနည်းပညာကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီး သောင်းဝင်းက "ဇီဝဓာတ်ငွေ့(Biogas) ထုတ်လုပ်သုံးစွဲမှု သုတေသနလုပ်ငန်း" နှင့် "ပရိုဂျူဆာဓာတ်ငွေ့ (Producer Gas)ထုတ်လုပ်သုံးစွဲမှုသုတေသနလုပ်ငန်း"ကိုလည်းကောင်း၊ ရန်ကုန်နည်းပညာ တက္ကသိုလ်ပါမောက္ခချုပ်၊ နည်းပညာကော်မတီဝင် ဒေါက်တာဒေါ်မြမြဦးက "Biodiesel Development based on Jatropha Curcus Oil" စာတမ်းကိုလည်းကောင်း၊ Myanmar Chemical Engineers Group Co.,Ltd ဥက္ကဋ္ဌ၊ နည်းပညာကော်မတီ အဖွဲ့ဝင် ဦးစိန်သောင်းဦးက "Rural Development by Integrated Forming Complex" စာတမ်းကိုလည်းကောင်း အသီးသီးဖတ်ကြား တင်ပြကြရာ တက်ရောက်လာကြသူများက ပြန်ပြည့်မြဲ စွမ်းအင်သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းအပေါ် အကြံပြုဆွေးနွေးတင်ပြကြသည်။

### တိုက်တွန်း

ယင်းနောက် ရန်ကုန်တိုင်း ပြန်ပြည့်မြဲ စွမ်းအင်သုတေသနနှင့်ဖွံ့ဖြိုးမှုလုပ်ငန်း ဦးစီးကော်မတီ နာယက၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် စာတမ်းရှင်များက စိတ်ဝင်စားဖွယ် ဆွေးနွေးတင်ပြသည့်အတွက် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေး၌ အဓိကကျသော စွမ်းအင် ကဏ္ဍဖွံ့ဖြိုးရေးမှာ အထောက်အကူများစွာ ပြုမည်ဖြစ်ကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် နည်းပညာပိုင်းတွင် ပိုမိုနက်ရှိုင်းစွာ ဆုံးဖြတ်ဆောင်ရွက်ပေးခြင်း၊ အရည် အသွေးမြှင့်တင်ပေးခြင်း၊ စံပြုပေးခြင်း၊ အသေးစားနှင့် အလတ်စား လုပ်ငန်းများ (Small and Medium Enterprises) ကို တစ်ပြိုင်နက်တည်း ဖွံ့ဖြိုးတိုးတက်စေခြင်းများကို ဦးတည်ဆောင်ရွက်သွားသင့်ကြောင်း၊ မိမိတို့ သုတေသနလုပ်ငန်း ကော်မတီက ကြီးကြပ်ကွပ်ကဲမှု နည်းပညာပိုင်း ပါဝင်ဆောင်ရွက်မှုတို့ကြောင့် ရန်ကုန်တိုင်း အတွင်းရှိ ကျေးရွာအချို့၌ စပါးခွံ ဓာတ်ငွေ့သုံး ဓာတ်အားပေးစနစ်ကို အောင်အောင်မြင်မြင် အသုံးချနိုင်ပြီဖြစ်ကြောင်း၊ ရန်ကုန်တိုင်း ပြန်ပြည့်မြဲ စွမ်းအင်သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်း ကော်မတီ ၏ ရုံးခန်းနှင့် စမ်းသပ်ခန်းနေရာများ သတ်မှတ်ထားပြီးဖြစ်၍ စမ်းသပ်မှု ပစ္စည်းကိရိယာများနှင့် ကိုးကားရည်ညွှန်း စာကြည့်တိုက်များ၊ ခေတ်မီ IT ပစ္စည်းကိရိယာများ ပြည့်စုံစွာ တည်ဆောက်ထားရှိနိုင်ရေး အားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

**ရန်ကုန် အနောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ၏ဝန်ထမ်းသား၊ သမီးများအား ၂၀၀၇–၂၀၀၈ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇွန် ၁၃ ရက်က မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ရှိ အနောက်ပိုင်းခရိုင်ယာဉ်လိုင်း (ရုံးချုပ်)၌ ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မြင်က ပညာသင်ထောက်ပံ့ကြေး စုစုပေါင်း ငွေကျပ် ၄၃၆၅၀၀၀ကို ကျောင်းသားများအား ပေးအပ်စဉ်။** (၆၃)

# ခရိုင်၊ မြို့နယ် မြေစာရင်းဦးစီးဌာနမှူးများ လုပ်ငန်းခွင်အထူးမွမ်းမံသင်တန်းဆင်း

**ရန်ကုန် ဇွန် ၁၆**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာန ခရိုင်၊ မြို့နယ် မြေစာရင်းဦးစီးဌာနမှူးများ လုပ်ငန်းခွင် အထူး မွမ်းမံသင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန် ၁၅ ရက် နံနက် ၉ နာရီတွင် တိုက်ကြီးမြို့ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်းတွင် ကျင်းပရာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်က လယ်ယာမြေ မှန်ကန်စွာအသုံးချရေး၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှု စာရင်းများမှန်ကန်ရေး၊ လယ်ယာမြေ စီမံခန့်ခွဲရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်စေရေးနှင့် နည်းပညာ စွမ်းရည်များမြင့်မားလာစေရေးတို့အတွက် ယခုကဲ့သို့ မွမ်းမံသင်တန်းပေးခြင်း ဖြစ်ကြောင်းဖြင့် မှာကြားပြီးသင်တန်းဆင်းလက်မှတ်များချီးမြှင့်သည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးသန်းနှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်း မြေစာရင်းဦးစီးဌာနမှူးနှင့် နည်းပြဆရာများ၊ သင်တန်းသားများ တက်ရောက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အရှေ့တောင်အာရှနိုင်ငံရေးဆိုင်ရာ သုတေသီ ပါမောက္ခ ရောဘတ်တေလာ တွေ့ဆုံနှုတ်ဆက်

**နေပြည်တော်  ဇွန်  ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဗြိတိန်နိုင်ငံမှ အရှေ့တောင်အာရှနိုင်ငံရေးဆိုင်ရာသုတေသီ ပါမောက္ခ Prof: Robert H. Taylor သည် ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့ တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။ (သတင်းစဉ်)

## လာရောက် တွေ့ဆုံ

**ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဗြိတိန်နိုင်ငံမှ အရှေ့တောင်အာရှနိုင်ငံရေး ဆိုင်ရာ သုတေသီ ပါမောက္ခ Prof: Robert H.Taylor လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

## စက်ရေတွင်းအတွက် အလှူငွေများ ပါဝင်လှူဒါန်း

**တောင်ကြီး ဇွန် ၁၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် စုဋ္ဌာမုနိပရိယတ္တိ စာသင်တိုက်တွင် သီတင်းသုံးနေကြသော သံဃာတော်များနှင့် စာသင်သားများအတွက် သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် အဝီစိစက်ရေတွင်းတူးရန် စီစဉ်လျက်ရှိသည်။ မတည်အလှူရှင်များအဖြစ် ရွှေသူဌေးကုန်းရပ်ကွက်နေ ကျောင်းအမ ဒေါ်နန်းမြကြည်မိသားစုက ရေတွင်းမြေနေရာ ၁၀ ပေ ပတ်လည်၊ ဦးကျော်နိုင်-ဒေါ်ကျင်ထွေး မိသားစု(မေသျှမ်း၊ ဖက်ရှင်၊ ဗွီးရှင်းစတီး)က ငွေကျပ်တစ်သိန်း၊ စေတနာရှင်များ စုပေါင်းလှူဒါန်းငွေ ကျပ်နှစ်သိန်းတို့ဖြင့် စတင်ဆောင်ရွက်လျက်ရှိကြောင်း၊အနယ်နယ် အရပ်ရပ်မှ သဒ္ဓါကြည်လင် ပါရမီရှင်များအနေဖြင့် အလှူဒါနများ ပါဝင်လိုပါက ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တဂုဏဝံသာလင်္ကာရ (လှူမှုထူးချွန် ဒုတိယဆင့်) ဖုန်း-၀၈၁၂၁၂၁၇၅၊ ဗိုလ်ကြီးနိုင်ထွန်း (ငြိမ်း) စာတည်း၊ ကိုယ်ပွားသတင်းစာတိုက် တောင်ကြီး ဖုန်း-၀၈၁၂၁၄၃၅၇၊ ၀၈၁-၂၁၁၆၄ နှင့် ဦးသန်းဝင်း (မန်နေဂျာ၊ငြိမ်း)လူမှုဖူလုံရေးအဖွဲ့ ဖုန်း-၀၈၁၂၁၁၂၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

# ပြည်တွင်း၌ စက်ခေါင်းများ ကိုယ်ပိုင်တည်ဆောက်နိုင်ရန် တရုတ်ပညာရှင် အင်ဂျင်နီယာများနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန်  ဇွန်  ၁၆

**မြန်မာ့မီးရထား အင်းစိန်စက်ခေါင်းစက်ရုံ၏ သမိုင်းသစ်မှတ်တိုင်အဖြစ် မြင်းကောင်ရေ-၁၂၀၀ အား ဒီဇယ်လျှပ်စစ်စက်ခေါင်း DF. 1200-01 ကို ကိုယ်ပိုင်တည်ဆောက်နိုင်ခဲ့ပြီးဖြစ်သည်။ ထိုသို့ ကိုယ်ပိုင်တည်ဆောက်သည့် စက်ခေါင်းများ အရည်အသွေးမြင့်မားရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှဝယ်ယူမည့် မြင်းကောင်ရေ-၂၀၀၀ အား စက်ခေါင်းများတွင် တပ်ဆင်မည့်ပစ္စည်းများနှင့် နည်းပညာများကို ဆွေးနွေးညှိနှိုင်းရန် ရန်ကုန်မြို့သို့ ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တာ့လျံ(Dalian)စက်ခေါင်းစက်ရုံမှ ပညာရှင်များနှင့် အင်ဂျင်နီယာများအား ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်သည် ယမန်နေ့ နံနက်ပိုင်းတွင် မြန်မာ့မီးရထား အင်းစိန် စက်ခေါင်းစက်ရုံ၌တွေ့ဆုံပြီး ဆွေးနွေးညှိနှိုင်း အကြံဉာဏ်များဖလှယ်ခဲ့ကြသည်။**

အဆိုပါ ဆွေးနွေးပွဲသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တာ့လျံ(Dalian) စက်ခေါင်းစက်ရုံမှ ပညာရှင်၊ အင်ဂျင်နီယာများ၊ YMECကုမ္ပဏီမှ စီမံကိန်းမန်နေဂျာများ၊ မြန်မာ့မီးရထား အင်းစိန် စက်ခေါင်းစက်ရုံမှ အထွေထွေမန်နေဂျာ ဦးစောဗယ်လင်တိုင်း၊ အထွေထွေ မန်နေဂျာ ဦးမြင့်ဝေ၊ အင်းစိန်စက်ခေါင်း စက်ရုံမှ အင်ဂျင်နီယာအရာရှိများ၊ အလုပ်ရုံစုမှူးများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် တရုတ် ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူမည့် စက်ခေါင်းများနှင့်ပတ်သက်၍ တာ့လျံ(Dalian) စက်ခေါင်းစက်ရုံ ဒီဇိုင်းပညာရှင်နှင့် အင်ဂျင်နီယာများက စက်ခေါင်းတွင် ပါဝင်သည့် ဖရိန်၊ ကိုယ်ထည်နှင့် အစိတ်အပိုင်းများ၊ အင်ဂျင်နှင့် အစိတ်အပိုင်းများ၊ ဘိုဂီအစိတ်အပိုင်းများ၊ ထရက်ရှင်မော်တာနှင့် အစိတ်အပိုင်းများ၊ အအေးပြု အစိတ်အပိုင်းများ၊ ချိတ်ဆက်အစိတ်အပိုင်းများ၊ လျှပ်စစ်အစိတ်အပိုင်းများနှင့် ထိန်းသိမ်းမောင်းနှင်မှုအပိုင်းတို့ကို ပုံစံကားချပ်များနှင့် အသေးစိတ် ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် စက်ရုံ အထွေထွေမန်နေဂျာ၊ အင်ဂျင်နီယာ၊ အရာရှိများနှင့် အလုပ်ရုံစုမှူးများက ပြန်လည်ဆွေးနွေး မေးမြန်းပြီး ဒုတိယဝန်ကြီးကလည်း လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် စက်ရုံလုပ်ငန်းခွင်များသို့ သွားရောက်ပြီး မိမိတို့ကိုယ်ပိုင် စက်ခေါင်းတည်ဆောက်ရန် ပြင်ဆင်ဆောင်ရွက်မှုများကို လည်းကောင်း၊ ပြင်သစ်စက်ခေါင်းများအား အင်ဂျင်သစ် လဲလှယ်ရန် ဆောင်ရွက်နေသည့် အခြေအနေ၊ မိမိတို့တည်ဆောက်မည့် ဘိုဂီအခြေခံ ဒီဇိုင်းများကို လက်တွေ့ပြသဆွေးနွေးကြသည်။

ရထားပို့ဆောင်ရေး ဝန်ကြီးဌာနသည် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်သူများ၏ လိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရေးအတွက် စက်ခေါင်းများကို တိုးချဲ့ဝယ်ယူလျက်ရှိရာ တင်ဒါရွေးချယ်ခံရသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ YMEC ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ထိုစက်ခေါင်းများကို တည်ဆောက်မည့် တာ့လျံ(Dalian) စက်ခေါင်းစက်ရုံမှ ပညာရှင်များ၊ အင်ဂျင်နီယာများ ရောက်ရှိလာပြီး ယခုကဲ့သို့ ဆွေးနွေးညှိနှိုင်းခြင်းဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှဝယ်ယူမည့် စက်ခေါင်းများနှင့် ပတ်သက်၍ တာ့လျံ(Dalian) စက်ခေါင်းစက်ရုံမှ ဒီဇိုင်းပညာရှင်နှင့် အင်ဂျင်နီယာများက ရှင်းလင်းတင်ပြစဉ်။** (ရထားပို့ဆောင်ရေး)



# နိုင်ငံပိုင် ဆန်စက်ရှစ်စက်နှင့် ဖွဲ့နှဆီစက်တစ်စက် ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ရောင်းချမည်

**နေပြည်တော်  ဇွန်  ၁၆**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပုဂ္ဂလိကပိုင် ပြုလုပ်မည့် နိုင်ငံပိုင်ဆန်စက်ရှစ်စက်နှင့် ဖွဲ့နှဆီစက်တစ်စက်တို့ကို ဈေးပြိုင်စနစ်ဖြင့် အပြီးအပြတ် ရောင်းချသွားမည်ဖြစ်သည်။

ဆန်စက်/ဖွဲ့နှဆီစက် အမည်နှင့် တည်နေရာများမှာ လပွတ္တာမြို့နယ် အလယ်ရေကျော်ကျေးရွာရှိ ဆန်စက်အမှတ် (၆၇၃) တန် ၁၀၀ ကျဖြစ်၍ မြေဧရိယာ ၂၇ ဒသမ ၄၉ ဧကဖြစ်ပြီး ကြမ်းခင်းဈေးမှာ ကျပ်သန်း ၃၂၈ ဒသမ ၃၁ သန်းဖြင့် လည်းကောင်း၊ ဘားအံမြို့ ဗိုလ်ချုပ်လမ်း အမှတ်(၅) ရပ်ကွက် အောင်နန်းရပ်ရှိ ဆန်စက်အမှတ်(၀၀၁) တန် ၂၀ ကျဖြစ်၍ မြေဧရိယာ ၅ ဒသမ ၇၉၇ ဧက ဖြစ်ပြီး ကျပ်သန်း ၄၉၆ ဒသမ ၈၆ သန်းဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်း ကလေးဝမြို့ ချမ်းအေးသာယာ (၂)ရပ်ကွက်ရှိ ဆန်စက်အမှတ် (၁၁၄) တန် ၂၀ ကျဖြစ်၍ မြေဧရိယာ ၃ ဒသမ ၆၁ ဧကဖြစ်ပြီး ကျပ်သန်း ၃၀ ဒသမ ၄၈၂ သန်းဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်း ဖောင်းပြင်မြို့ရှိ ဆန်စက်အမှတ် (၁၁၂) တန် ၂၀ ကျဖြစ်၍ မြေဧရိယာ ၈ ဒသမ ၉၁၅ ဧကဖြစ်ပြီး ကျပ်သန်း ၄၀ ဒသမ ၈၇၅ သန်းဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ် ကက်သာရွာရှိ ဆန်စက်အမှတ် (၁၂၆) တန် ၂၀ ကျဖြစ်၍ မြေဧရိယာ ၂ ဒသမ ၇၇၀ ဧက ဖြစ်ပြီး ကျပ်သန်း ၃၈ ဒသမ ၆၈၃ သန်းဖြင့် လည်းကောင်း၊ မော်လမြိုင်ကျွန်းမြို့ အမှတ် (၉) မြို့မရပ်ကွက်ရှိ ဖွဲ့နှစက် အမှတ်(၁၆) ၁၅ တန်ကျဖြစ်၍ မြေဧရိယာ ၄ ဒသမ ၇၅၈ ဧကဖြစ်ပြီး ကျပ်သန်း ၂၀၈ ဒသမ ၀၅ သန်းဖြင့်လည်းကောင်း၊ ရွှေတောင်မြို့ ဆန်စက်အမှတ် (၄၂၅) တန် ၄၀ ကျ (စက်နှင့်စက်ကိရိယာပစ္စည်းသာ) ကို ကျပ်သန်း ၀ ဒသမ ၁၈၆ သန်းဖြင့် လည်းကောင်း၊ ပေါင်းတည်မြို့ ဆန်စက်အမှတ် (၃၇၀) တန် ၅၀ကျ ဖြစ်၍ မြေဧရိယာ ၃ ဒသမ ၆၂၄ ဧကဖြစ်ပြီး ကျပ်သန်း ၁၆၁ ဒသမ ၀၄၀ သန်းဖြင့် လည်းကောင်း၊ နတ္တလင်းမြို့ ဆန်စက်အမှတ်(၃၅၆) ၇၅ တန်ကျဖြစ်၍ မြေဧရိယာ ၄ ဒသမ ၉၄၁ ဧကဖြစ်ပြီး ကျပ်သန်း ၉၉ ဒသမ ၃၄၇ သန်းဖြင့် လည်းကောင်း ကြမ်းခင်းဈေးများဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ဝယ်ယူလိုသူ ပုဂ္ဂိုလ်/အဖွဲ့အစည်းများသည် အဆိုပြုလွှာများကို ၁၈-၆-၂၀၀၇ ရက်မှစ၍ ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ရုံး စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာနရုံး အမှတ် (၃၂)၊ နေပြည်တော်တွင် ဝယ်ယူနိုင်သည်။ ယင်းအဆိုပြုလွှာများကို ၂၀-၇-၂၀၀၇ ရက်တွင်သာ တစ်ရက်တည်း နံနက် ၁၀နာရီမှ ညနေ ၄နာရီအတွင်း တင်သွင်းရမည်ဖြစ်သည်။

အပြီးအပြတ် ဝယ်ယူရန် အဆိုပြုထားသူများအနက် မူလပိုင်ရှင်သည် တိုင်းရင်းသားဖြစ်ပြီး အများဆုံးဈေးနှုန်းပေးသူနှင့် တူညီစွာ ပေးနိုင်ပါက ဦးစားပေးစဉ်းစားမည်၊ မူလပိုင်ရှင်ဖြစ်ကြောင်း ခိုင်လုံသော အထောက်အထား တင်ပြရမည်၊ မူလပိုင်ရှင်မဟုတ်ပါက အများဆုံးပေးဝယ်မည့် တိုင်းရင်းသားများကို ဦးစားပေးမည်ဖြစ်သည်။

လျှောက်ထားသူများသည် သတ်မှတ်ထားသော ပုံစံတွင် ဖြည့်စွက်လျှောက်ထားရန်ဖြစ်သည်။ အသေးစိတ် အချက်အလက်များကို သိလိုပါက ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ရုံး စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာနရုံး အမှတ် (၃၂) နေပြည်တော် တယ်လီဖုန်းအမှတ် ၄၀၆၀၆၉ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာ့အာမခံလုပ်ငန်း ပညာသင်ထောက်ပံ့ကြေး ပေးအပ်

**ရန်ကုန်  ဇွန်  ၁၆**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းမှ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်အတွက် ပညာသင်ကြားနေသည့် ဝန်ထမ်းများနှင့် ဝန်ထမ်းများ၏ သား၊ သမီးများအတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်သည့် အခမ်းအနားကို ဇွန် ၁၅ရက် ညနေ ၃နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်) အဆောက်အအုံ၌ကျင်းပသည်။ အခမ်းအနားတွင် ရှေးဦးစွာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်က အမှာစကားပြောကြားပြီး ပညာသင်ထောက်ပံ့ကြေးကို ဌာနအလိုက်ကိုယ်စားလှယ် တစ်ဦးစီအား ပေးအပ်သည်။ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်)ရှိ ဝန်ထမ်း သား သမီး စုစုပေါင်း ၁၈၃ ဦး အတွက် စုစုပေါင်း ငွေကျပ် ၁၃၁၀၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## သန့်ရှင်းရေးဆောင်ရွက်

**ဇွန် ၁၄ ရက်က တာမွေမြို့နယ် ကျားကွက်သစ် (စံပြ) ရပ်ကွက် တိုက်နောက် လမ်းကြားနှင့် ရေ့ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် သန့်ရှင်းရေးဆောင်ရွက်နေမှုများကို တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းနှင့် ကျားကွက်သစ် (စံပြ) ရပ်ကွက် ဥက္ကဋ္ဌ ဦးအောင်ဇော်သန့်တို့ ကြပ်မတ်ဆောင်ရွက်ကြစဉ်။** (က-ပ)

**အာကာသလွန်းပြန်ယာဉ်မှချိတ်ဆွဲယွင်းနေသည့် နေရောင်ခံပြားကို ပြုပြင်နေသော အာကာသယာဉ်မှူး တစ်ဦးကို ဇွန် ၁၅ရက်က တွေ့ရ စဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# ဒါဖာသို့ ငြိမ်းချမ်းရေးတပ်ဖွဲ့ စေလွှတ်ရေးသဘောတူညီချက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကြိုဆို

**ကုလသမဂ္ဂ ဇွန် ၁၅**

ဆူဒန်နိုင်ငံ ဒါဖာဒေသသို့ အာဖရိကသမဂ္ဂ(အေယူ)နှင့် ကုလသမဂ္ဂငြိမ်းချမ်းရေးမစ်ရှင်အဖွဲ့တို့ ပူးတွဲ တပ်ဖြန့်ရန် အဆိုနှင့် ပတ်သက်၍ သဘောတူညီချက်ရရှိမှုကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဇွန် ၁၃ ရက်တွင် ကြိုဆိုလိုက်သည်။

**အားပေး**

အာဖရိကသမဂ္ဂ၊ ကုလသမဂ္ဂနှင့် ဆူဒန်အစိုးရ၏ အဆိုပါ သဘောတူညီချက်ကို မိမိကအားပေးလျက်ရှိကြောင်း အီရတ်နိုင်ငံ လုံခြုံရေးကောင်စီက ဆွေးနွေးပွဲမပြုလုပ်မီ ကုလသမဂ္ဂဌာနချုပ်တွင်ဘန်ကီမွန်းက သတင်းထောက်များအား ပြောကြားခဲ့သည်။

အဆိုပါ သဘောတူညီချက်ကို အချို့သော မီဒီယာများက ယုံကြည်မှုမရှိကြကြောင်း၊ အကောင်းဘက်မှ ရှုမြင်ရန် မီဒီယာများကို အကြံပြုကြောင်း ဘန်က ပြောကြားခဲ့သည်။ ယင်းသဘောတူညီချက်သည် မှတ်တိုင်တစ်ရပ်အဖြစ် အောင်မြင်လာကြောင်း ၎င်းက ပြောကြားသည်။

**လက်ခံ**

ဒါဖာဒေသတွင် အာဖရိကသမဂ္ဂ (အေယူ)နှင့် ကုလသမဂ္ဂမှ တပ်ဖွဲ့ဝင် ၁၇၀၀၀မှ ၁၉၀၀၀ အထိ တပ်ဖြန့်ချထားရန် ဆူဒန်နိုင်ငံက လက်ခံကြောင်း အဒစ်အာဘာဘာမြို့၌ အေယူ၊ ကုလသမဂ္ဂနှင့် ဆူဒန်နိုင်ငံတို့မှ ပူးတွဲထုတ်ပြန်ကြေညာထားကြောင်းသတင်းတွင် ဖော်ပြထားသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

# တရုတ်တောင်ပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းနိုင် ရေလျှောင်ကန်ခုနစ်ခု ကျိုးပေါက်မည့်အန္တရာယ်ရှိနေ

**ပေကျင်း ဇွန် ၁၅**

ကန်ကျိုးမြို့ရှိ အာဏာပိုင်များက ဇွန်လအတွင်း မိုးများနိုင်သည်ဟု ကြိုတင် သတိပေးထားပြီး ယင်းပြဿနာအတွက် နိုင်နိုင်နင်းနင်း ဆောင်ရွက်နိုင်ရန် ကြိုးပမ်းနေစဉ် ကျန်စီးပြည်နယ် ကန်ကျိုးမြို့တစ်ဝိုက်ရှိ ရေလှောင်ကန်ခုနစ်ခု၏ အခြေအနေသည် ကျိုးပေါက်မည့် အန္တရာယ်ရှိနေကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ယခုလဆန်းပိုင်းမှစတင်၍ ကန်ကျိုးမြို့တွင် မိုးရေချိန် မီလီမီတာ ၂၃၀ အထိ ရွာသွန်းခဲ့သည်။

ယခုလောလောဆယ် လုပ်ရမည့်တာဝန်သည် မတော်တဆဖြစ်ပွားမှုများမပေါ်စေရန် ကာကွယ်သည့်အနေဖြင့် အလယ်အလတ်နှင့် အငယ်စား ရေလှောင်ကန်များအားလုံးကို စစ်ဆေးရန်လိုအပ်သည်ဟု ကျန်စီးရေလွှမ်းမိုးမှု ထိန်းချုပ်ရေးဌာနချုပ်၏ အကြီးအကဲဖြစ်သူ ဇူလေယူက ပြောကြားသည်။

အငယ်စားရေလှောင်ကန်၉၅၁၉ခုကို စစ်ဆေးရန်အတွက် လူ ၁၀၅၄၁ ဦးကို အလုပ်ခန့်ထားခဲ့သည်ဟု ဇူလေယူက ပြောကြားသည်။

ဒေသန္တရအစိုးရဌာနများအနေဖြင့် မိုးသည်းထန်စွာ ရွာသွန်းနိုင်သဖြင့် ကြိုတင်ကာကွယ်ထားကြရန် တရုတ်နိုင်ငံတောင်ပိုင်းရှိ ပြည်နယ်များနှင့် ဒေသများသို့ အမိန့်ထုတ်ပြန်ထားခဲ့သည်။

ဒေသဆိုင်ရာ အာဏာပိုင်များအနေဖြင့် ရေလှောင်ကန်၊ အဆောက်အအုံစသည်တို့ကို မျက်ခြည်မပြတ် ကြည့်ရှုပြီး မြေပြိုမှုများ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်ကို သတိထားကြရန် ဖူကျန်ပြည်နယ်မှ ရေလွှမ်းမိုးမှု ထိန်းချုပ်ရေးဌာနချုပ်က တိုက်တွန်းနှိုးဆော်ထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ပါကစ္စတန်မှ ခရီးသည်တင်ယာဉ်များ အာဖဂန်နစ္စတန်အတွင်း ဝင်ရောက်မှုပိတ်ပင်

**အစ္စလမ္မာဘတ် ဇွန် ၁၅**

အာဖဂန်နစ္စတန်နိုင်ငံက မော်တော်ဆိုင်ကယ်အပါအဝင် ခရီးသည်တင်မော်တော်ယာဉ်များ ဝင်ရောက်လာမှုကို လုံခြုံရေးအခြေအနေများအရ ပိတ်ပင်ထားကြောင်း ပါကစ္စတန်နယ်စပ်ဒေသမှ သယ်ယူပို့ဆောင်သူများက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ပါကစ္စတန်နိုင်ငံသားများအနေဖြင့် မော်တော်ယာဉ်များဖြင့် နယ်စပ်ဒေသသို့ ဖြတ်သန်းသွားလာခြင်းမပြုရန် အသံချဲ့စက်များမှတစ်ဆင့် ကြေညာလျက်ရှိသည်ဟု နိုင်ငံတကာသတင်းကွန်ရက်က နယ်စပ်ရှိ ချာမန်မြို့မှ သတင်းထောက်များ၏ ပြောကြားချက်များကို ကိုးကား၍ ဖော်ပြသည်။

သို့ရာတွင် ပါကစ္စတန်နိုင်ငံသားများအနေဖြင့် နယ်စပ်မှ ခြေလျင်ဖြတ်သန်းရန်ကိုမူ အာဖဂန်အာဏာပိုင်များက ခွင့်ပြုထားသည်။

မော်တော်ယာဉ်များ ဝင်ခွင့်တားမြစ်သည့် ထုတ်ပြန်ချက်သည် ဇွန် ၁၄ ရက်မှ စတင်အတည်ဖြစ်ပြီး ပါကစ္စတန်မှမည်သည့်မော်တော်ယာဉ်မျှ အာဖဂန်အတွင်း ဝင်ရောက်ရန် ခွင့်ပြုမည်မဟုတ်ဟု ဒေသခံ ရုပ်မြင်သံကြားက ဖော်ပြသည်။

ယင်းအစီအစဉ်သည် ပြည်သူလူထုအတွက် အခက်အခဲဖြစ်စေရန် ဖန်တီးခြင်းမဟုတ်ဟု အာဖဂန်ရဲတပ်ဖွဲ့က ပြောကြားပြီး အကြမ်းဖက်တိုက်ခိုက်သူများအတွက် တိုက်ရိုက်ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

# အီရတ်၌ ဗုံးပေါက်ကွဲ၍ ကန်တပ်ဖွဲ့ဝင်လေးဦးသေဆုံး

**ဘဂ္ဂဒက် ဇွန် ၁၆**

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်ပြည်နယ်၌ ဇွန် ၁၄ရက်နေ့က လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်စစ်ယာဉ်တစ်စီး ထိမှန်ခဲ့ရာ တပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက သတင်းထုတ်ပြန်သည်။

ဘဂ္ဂဒက်မြို့မြောက်ဘက် ဒီရာလာပြည်နယ်၌ စစ်သွေးကြွအုပ်စုနှင့် ဆွန်နီအာရပ်သောင်းကျန်းသူအုပ်စုများကို နှိမ်နင်းသော စစ်ဆင်ရေးအတွင်း၌ လေယောက်မြောက် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေနတ်မှန်၍ သေဆုံးသွားကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

၂၀၀၃ခုနှစ်ကတည်းက ဖြစ်ပွားသည့် အီရတ်စစ်ပွဲ၌ ယခုအချိန်အထိ အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၃၅၁၈ဦး သေဆုံးခဲ့ပြီဟု သိရသည်။ ပြီးခဲ့သော မေလပတ်သည် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးခဲ့သော တတိယအဆိုးရွားဆုံးလတစ်လဖြစ်ပြီး ထိုလတွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၂၂ဦးနှင့် အီရတ်အရပ်သူအရပ်သား ၂၀၀၀ နီးပါးသေဆုံးခဲ့ကြောင်း သတင်းအရ သိရသည်။

***အမ်အင်အေ၊ရိုက်တာ။***

**တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပသည့် နွေရာသီအပန်းဖြေဖျော်ဖြေပွဲတွင် ပါဝင်ဆင်နွှဲနေသော နိုင်ငံခြားသား ကချေသည်များကို ဇွန် ၁၅ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

**အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ တာကိုမာ တိရစ္ဆာန်ဥယျာဉ်နှင့် ငါးပြတိုက်တွင်မွေးမြူထားသည့် လင်းပိုင်တစ်ကောင်ကို ဇွန် ၁၅ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# လန်ဒန်မြို့လယ်ကောင်၌ ရုံးအဆောက်အအုံပြိုကျ

**လန်ဒန် ဇွန် ၁၅**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့လယ် မြို့တော်ရဲတပ်ဖွဲ့ဌာနချုပ်အနီးရှိ ပြုပြင် မွမ်းမံနေသည့် နှစ်ထပ်ရုံး ဇွန် ၁၂ ရက်က ပြိုကျခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြထားသည်။

အဆောက်အအုံပျက်များကြား၌ လူတစ်ဦးပိတ်မိနေကြောင်း၊ အဆိုပါ အဆောက်အအုံပြိုကျမှုတွင် ပိတ်မိနေသူမှလွဲ၍ ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းအဆောက်အအုံကို အတွင်းပိုင်း၌ ပြင်ဆင်မှု ဆောင်ရွက်နေစဉ် ပြိုကျမှုဖြစ်ခဲ့ကြောင်း၊ အဆောက်အအုံပြိုကျမှုသည် ဖောက်ခွဲမှုကြောင့်ဖြစ်ကြောင်း၊ သက်သေအထောက်အထား မတွေ့ရှိကြောင်း ၎င်းက ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

# အိုင်ဗရီကို့စ်မှ စိန်ရိုင်းတင်သွင်းမှု အိန္ဒိယပိတ်ပင်

**နယူးဒေလီ ဇွန် ၁၅**

ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်နှင့်အညီ အိုင်ဗရီကို့စ်နိုင်ငံမှ စိန်ရိုင်းတင်သွင်းမှုကို အိန္ဒိယနိုင်ငံက ပိတ်ပင်လိုက်သည်။

၂၀၀၅ ခုနှစ် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၆၄၃၊ အပိုဒ် ၆တွင် ဖော်ပြချက်အရ အိုင်ဗရီကို့စ်နိုင်ငံမှ စိန်ရိုင်း တင်သွင်းမှုကို တားမြစ်ချက် ထုတ်ပြန်စာကို ပြည်ပကုန်သွယ်ရေး အထွေထွေညွှန်ကြားရေးဌာနက ပြောကြားသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်တွင် အိုင်ဗရီကို့စ်နိုင်ငံမှ အခြားပစ္စည်းများအပြင် စိန်ရိုင်းတင်သွင်းမှုကိုလည်း ပိတ်ထားသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အဆိုပါတားမြစ်ထုတ်ပြန်ချက်သည် သောင်းကျန်းသူများ လက်နက်မဝယ်နိုင်ရန် တားမြစ်ခြင်း ဖြစ်သည်။

နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးတွင် စိုးရိမ်မှုဖြစ်လာသည့်အတွက် အိုင်ဗရီကို့စ်နိုင်ငံမှ စိန်ရိုင်းတင်သွင်းမှုကို တားမြစ်ခြင်းဖြစ်သည်။ အထူးသဖြင့် အာဖရိကအနောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် လက်နက်ကိုင်အဖွဲ့များ သည် ရန်ပုံငွေရရှိရန် စိန်ရိုင်းများကို တရားမဝင် ကုန်သွယ်လျက်ရှိသည်။

***အမ်အင်အေ၊ပီတီအိုင်။***

ပြင်သစ်နိုင်ငံ ပါရီမြို့ လေကြောင်းပြပွဲတွင် ပါဝင်ပြသမည့် အက်ဖ်-၁၅ အီး ဂျက်တိုက်လေယာဉ်တစ်စင်းကို ဇွန် ၁၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးကိစ္စ

## အာရပ်နိုင်ငံများ အဓိက ကြိုးပမ်းရမည်ဟု ဒိန်းမတ်ဝန်ကြီးပြောကြား

**စတော့ဟုမ်း ဇွန် ၁၅**

ဒိန်းမတ်နိုင်ငံခြားရေးဝန်ကြီးသည် လွန်ခဲ့သော ငါးနှစ်က ၎င်းကိုယ်တိုင် တင်ပြခဲ့သော အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး အစီအစဉ်ကို လက်ရှိအခြေအနေတွင် ဆောင်ရွက်၍မရနိုင်ဟု ရှုမြင်သဖြင့် ငြိမ်းချမ်းရေး အစီအစဉ်သစ်ဖြင့် အစားထိုးသင့်ကြောင်း ဇွန် ၁၄ ရက်တွင် တင်ပြခဲ့သည်။

ဒိန်းမတ် နိုင်ငံခြားရေး ဝန်ကြီး ဖာစတစ်မူလာ၏ ပြောကြားချက်ကို ကိုးကား၍ ကိုပင်ဟေဂင်ပို့စ်သတင်းစာက ဖော်ပြခဲ့ခြင်းဖြစ်သည်။

လတ်တလော အခြေအနေတွင် လက်ဘနွန်နိုင်ငံ၌ လည်းကောင်း၊ ဂါဇာကမ်းမြောင်ဒေသ၌လည်းကောင်း အာရပ်အချင်းချင်း တိုက်ခိုက်မှုများ ပြင်းထန်လျက်ရှိသည်။ သို့ဖြစ်၍ ကျယ်ပြန့်သော ငြိမ်းချမ်းရေးကို ဦးစွာမတည်ဆောက်ဘဲ ဒေသခံအုပ်စုငယ်များအကြား သဘောတူညီမှုများဖြစ်ထွန်းလာရေးကို ပထမကြိုးပမ်းတည်ဆောက်သင့်ကြောင်း မူလာက တင်ပြသည်။

ထိုကိစ္စများနှင့် စပ်လျဉ်း၍ ၎င်းသည် ဗုဒ္ဓဟူးနေ့က အရှေ့အလယ်ပိုင်းရှိ နိုင်ငံများဖြစ်သော ဆီးရီးယား၊ လက်ဘနွန်နှင့် အစ္စရေးတို့မှ ခေါင်းဆောင်များနှင့် တယ်လီဖုန်းမှတစ်ဆင့် ဆွေးနွေးခဲ့သည်။ အထူးသဖြင့် ၎င်းအနေဖြင့် ဂါဇာ၌ဖြစ်ပေါ်နေသည့် သွေးချောင်းစီးမှုကို ရပ်တန့်နိုင်သည့် နည်းလမ်းကို ရှာဖွေခဲ့သည်ဟုဆိုသည်။

ဒေသတွင်း ငြိမ်းချမ်းရေးရယူရန် လောလောဆယ်၌ ဥရောပနှင့် အမေရိကန်တို့က ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊ လက်ဘနွန်၊ ဆီးရီးယား၊ အီဂျစ်နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့ကသာ အဓိကကြိုးစားရမည့်ကိစ္စ ဖြစ်ကြောင်း မူလာက ပြောကြားခဲ့သည်။

ထို့အပြင် ယခုကိစ္စတွင် အစ္စရေးအနေဖြင့် ပါဝင်လာခြင်း မရှိစေရန်လည်း သတိပြုရန် လိုအပ်သည်ဟု ဆိုသည်။ ထိုသို့မဟုတ်ဘဲ အစ္စရေးပါဝင်လာပါက အခြေအနေသည် လွန်စွာဆိုးရွားသွားနိုင်ကြောင်း မူလာက ပြောကြားခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

# အင်ဒိုနီးရှားနှင့် အိန္ဒိယ နှစ်နိုင်ငံ

## စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မည်

**ဂျကာတာ ဇွန် ၁၅**

အင်ဒိုနီးရှားနှင့် အိန္ဒိယ နှစ်နိုင်ငံက စစ်ဘက်အရာရှိများအား လေ့ကျင့်ပေးရေးနှင့် ပညာသင်ကြားရေးကဏ္ဍများတွင် စစ်ရေးအရ ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်ရန်နှင့် စစ်ဘက်ဆိုင်ရာ ပစ္စည်းပစ္စယများ ထုတ်လုပ်ရေး အလားအလာများကို ရှာဖွေကြရန်ဖြစ်ကြောင်း နှစ်နိုင်ငံမှ အထက်တန်းအရာရှိများက ကြာသပတေးနေ့တွင် ပြောကြားကြသည်။

အင်ဒိုနီးရှား ကာကွယ်ရေးဌာနမှ အတွင်းရေးမှူးချုပ်ဖြစ်သူ ဒုတိယဗိုလ်ချုပ်ကြီးဆဂျင်ဆိုဒင်က အင်ဒိုနီးရှားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသူ အိန္ဒိယကာကွယ်ရေးဌာနမှ အတွင်းရေးမှူးချုပ်ဖြစ်သူ ရှက်ခါဒတ်နှင့်အတူ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရာတွင် ထုတ်ပြန်သည့် ပူးတွဲကြေညာချက်၌ အထက်ပါအတိုင်း ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း အိန္ဒိယကိုယ်စားလှယ်များသည် အနောက်ဂျာဗားပြည်နယ်ရှိ ကာကွယ်ရေးဌာန ထုတ်လုပ်ရေးဌာနသို့ သွားရောက်ပြီး လေယာဉ်၊ သင်္ဘောနှင့် လက်နက်များထုတ်လုပ်ပုံကို ကြည့်ရှုလေ့လာခဲ့သည်။

အိန္ဒိယနှင့်အင်ဒိုနီးရှားကိုယ်စားလှယ်အဖွဲ့များသည် လက်နက် ဖြည့်ဆည်းပေးရေးကိစ္စများကိုလည်း ဆွေးနွေးခဲ့ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အမေရိကန်နိုင်ငံ ကက်ပီတော်လ်ဟီးလ်တွင် ပြသထားသည့် ဖို့ဒ်မော်တော်ကားကုမ္ပဏီထုတ် အက်သနောလောင်စာသုံး ကားတစ်စီးကို ဇွန် ၁၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ကုလသမဂ္ဂ

## အတွင်းရေးမှူးချုပ်ဟောင်း ကွတ်ဝေါလ်ဟိမ်းကွယ်လွန်

**ဗီယင်နာ ဇွန် ၁၅**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကွတ်ဝေါလ်ဟိမ်းသည် အသက် ၈၈နှစ်အရွယ်တွင် နှလုံးရောဂါဖြင့် ဇွန်၁၄ ရက်က ကွယ်လွန်သွားပြီဖြစ်ကြောင်း သြစတြီးယား သမ္မတရုံးနှင့် မိသားစုပြောရေးဆိုခွင့်ရှိသူတို့က ထုတ်ဖော်ပြောကြားသည်။

၎င်းသည် ၁၉၈၆-၉၂ခုနှစ်ကာလများအတွင်းက သြစတြီးယားနိုင်ငံ၏ သမ္မတအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ။**

# အမေရိကန်ဂျက်တိုက်လေယာဉ် အီရတ်တွင်ပျက်ကျ

**ဘဂ္ဂဒက် ဇွန် ၁၆**

အမေရိကန်လေတပ်မှ အက်ဖ်-၁၆ ဂျက်တိုက်လေယာဉ်တစ်စင်းသည်အီရတ်နိုင်ငံတွင် ဇွန် ၁၅ရက်က ပျက်ကျခဲ့ကြောင်း အမေရိကန်လေတပ် ဦးစီးကွပ်ကဲမှုဌာနချုပ်က ယနေ့ပြောကြားသည်။

အမေရိကန်ဂျက်တိုက်လေယာဉ်သည် မြေပြင်တပ်ဖွဲ့များအတွက် လေကြောင်းမှ အကူအညီပေးနေသော လေယာဉ်ဖြစ်ပြီး မတော်တဆမှုကြောင့် ပျက်ကျရခြင်းဖြစ်ကြောင်း၊ မိမိတို့စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ ယင်းလေယာဉ်ပေါ်တွင် လေယာဉ်မှူးတစ်ဦးနှင့် လေယာဉ်ဝန်ထမ်းတစ်ဦးပါရှိကြောင်း စစ်ဘက်ဆိုင်ရာ ကြေညာချက်တွင် ဖော်ပြသည်။ **အင်တာနက်။**

# ကန့်ဦးဆောင်သော စစ်ပွဲများကို ဘရာဇီးလယ်သမားများ ကန့်ကွက်ဆန္ဒပြ

**ဘရာဆီးလီးယား ဇွန် ၁၅**

အင်အား၁၆၀၀၀ခန့်ရှိသော ဘရာဇီးလယ်သမားများသည် ဇွန် ၁၄ရက်က မြို့တော်၌ အမေရိကန် ဦးဆောင်သည့် စစ်ပွဲများကို ဆန့်ကျင်သည့် ဆန္ဒပြပွဲတစ်ရပ်ကို ကျင်းပခဲ့ကြသည်။

ဆန္ဒပြသူ အမ်အက်စ်တီ (MST) လယ်သမားအဖွဲ့များသည် လူများသေဆုံးရသည့် လက်သည် တရားခံမှာ အမေရိကန်ဦးဆောင်သော ကျူးကျော်မှုပင် ဖြစ်သည်ဟု ဖော်ပြကာ အမေရိကန် သံရုံးရှေ့၌ ခေါင်းများကို ထားရစ်ခဲ့ကြသည်။ ၎င်းဆန္ဒပြသမားများအနေဖြင့် အမေရိကန်ဦးဆောင် ပါဝင်သော အီရတ်စစ်ပွဲ၊ အာဖဂန်နစ္စတန်စစ်ပွဲနှင့် ဗီယက်နမ်စစ်ပွဲတို့ကို ရည်ညွှန်း၍ ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။

ဆန္ဒပြသမားများ သယ်ဆောင်လာသော စာတန်းအချို့တွင် "နယ်ချဲ့အန္တရာယ်ကို သတိရှိပါ"၊ "ဘုရှ်သည် မကောင်းဆိုးရွားဖြစ်သည်"၊ "ငြိမ်းချမ်းရေးကိုလိုလားသည်"စသည်ဖြင့် ရေးသားထားကြောင်း တွေ့ရသည်ဟု သတင်းတွင်ဖော်ပြသည်။

**အမ်အင်အေ၊ရိုက်တာ။**

# ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားရာဒေသမှ ခရီးသည်များ ဗီယက်နမ်လေဆိပ်၌ သီးသန့်ခွဲထားမည်

**ဟနွိုင်း ဇွန် ၁၅**

ဗီယက်နမ်နိုင်ငံတွင်းသို့ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်သည့်နေရာများမှ လာရောက်မည့် ခရီးသည်များကို ဟိုချီမင်းမြို့ လေဆိပ်တွင် သီးသန့်ခွဲထားမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ လူငယ်သတင်းစာက ဇွန် ၁၃ ရက်က ပြောကြားသည်။

ဗီယက်နမ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါကို ကြိုတင်ကာကွယ်ရန် ဟိုချီမင်းမြို့တွင် ဇွန် ၁၂ ရက်က စီမံချက် ထုတ်ပြန်ခဲ့သည်။ အခြား ကူးစက်ရောဂါများနှင့် ကြက်ငှက်တုပ်ကွေး ရောဂါဖြစ်ပွားနေသည့် ဒေသများမှ ခရီးသည်နှင့် ကုန်ပစ္စည်းများကို တန်ဆွန်နက်လေဆိပ်မှတစ်ဆင့် ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိလာလျှင် ၎င်းတို့ကို သီးသန့်ခွဲထားမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံတွင်းသို့ ကူးစက်ရောဂါများ ဝင်ရောက်မလာနိုင်ကြောင်း၊ ယင်းစီမံချက်ကို တန်ဆွန်နက်လေဆိပ်နှင့် နိုင်ငံတကာ ဆေးဝါးထိန်းချုပ်ရေးဌာနတို့ ပူးပေါင်း ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ကူးစက်ရောဂါ ဖြစ်ပွားနေသည့် ဒေသများမှ ဗီယက်နမ်နိုင်ငံတွင်း ဝင်ရောက်မည့် ခရီးသည်များအား ကိုယ်အပူချိန်တိုင်းတာမှုကို လေဆိပ်၌ လုပ်ဆောင်လျက်ရှိသည်။ ရောဂါရှိမည်ဟု သံသယဖြစ်ဖွယ်လူနာများကို စမ်းသပ်တွေ့ရှိ၍ ၎င်းတို့ကို အပူပိုင်းရောဂါဆေးရုံတွင် တင်ထားပြီး သီးသန့်ခွဲခြားထားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

# အီဂျစ်နိုင်ငံသား ၈၀ကျော် ဆီးရီးယားပြန်လည်လွှဲအပ်

**ဒမတ်စကတ် ဇွန် ၁၅**

ဆီးရီးယားနိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေးအဖွဲ့သည် ဇွန် ၁၄ရက်က ဖမ်းဆီးရမိသည့် အီဂျစ်နိုင်ငံသား ၈၃ဦးကို မိခင်နိုင်ငံသို့ ပြန်လည်ပေးပို့ခဲ့သည်။

၎င်းတို့ အများစုမှာ ဆီးရီးယားနိုင်ငံအတွင်းသို့ ဂျော်ဒန်နှင့် တူရကီနိုင်ငံတို့မှ တရားမဝင် ဝင်ရောက်လာခြင်းဖြစ်ပြီး ၁၀ဦးသာလျှင် တရားဝင် ဝင်ရောက်ခဲ့သူများဖြစ်သည်။ သို့ရာတွင် ၎င်းတို့အားလုံးသည် ဆီးရီးယားနိုင်ငံမှတစ်ဆင့် လက်ဘနွန်နိုင်ငံသို့ တရားမဝင် ဆက်လက်သွားရောက်ရန် စီစဉ်ဆောင်ရွက်ကြစဉ် အဖမ်းခံရခြင်းဖြစ်သည်ဟု ဆာနာသတင်းဌာနက ဖော်ပြသည်။

အီဂျစ်နိုင်ငံသားများ လုပ်ငန်းများလက်သို့ ရောက်ရှိမည့် အရေးမှ ဆီးရီးယားက ကယ်တင်နိုင်ခဲ့သည့်အတွက် ဆီးရီးယားအာဏာပိုင်များကို ကျေးဇူးတင်ကြောင်း၊ ဒမတ်စကတ်မြို့ရှိ အီဂျစ်သံအမတ်ကြီး ဟာဇမ်ခါရက်က ပြောကြားခဲ့ကြောင်း ဆာနာသတင်းဌာနက ဆက်လက်ဖော်ပြခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ထိုင်းနိုင်ငံတောင်ပိုင်းတွင် သောင်းကျန်းသူများ ဗုံးခွဲတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော ယာဉ်တစ်စီးကို ဇွန် ၁၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအားရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Alexander P.Losyukovနှင့် အဖွဲ့ဝင်များ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

# ဝန်ကြီး ဦးဉာဏ်ဝင်းအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၆

**ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E Mr. Alexander P. Losyukovနှင့်အဖွဲ့ဝင်များသည် ယနေ့ညနေ ၆နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာ၌ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဖေသန်းဦး၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး ဧည့်သည်တော်နှင့်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ မီခေးလ်၊အမ်၊ မက်ဂလက်ဗီးလည်း တက်ရောက်သည်။ (သတင်းစဉ်)

# ဒုတိယဝန်ကြီး ဒေါက်တာမြဦး မကွေးတိုင်းအတွင်းရှိ ဆေးရုံများ ဆေးကုသမှုနှင့် ဆေးရုံတိုးချဲ့ဆောက်လုပ်မှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၆**

အမျိုးသားကျန်းမာရေး ကော်မတီ အတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၇ရက်တွင် မကွေးတိုင်းအတွင်းရှိ ဆေးရုံများ ဆေးကုသမှု အရည်အသွေးမြင့်မားရေး၊ ဆေးရုံတိုးချဲ့ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပခုက္ကူမြို့ ပြည်သူ့ဆေးရုံသို့လည်းကောင်း၊ ပခုက္ကူခရိုင် တိုင်းရှာ တိုက်နယ်ဆေးရုံသို့ လည်းကောင်း၊ ပခုက္ကူခရိုင် မြိုင်မြို့နယ် ကျောက်ဆောက် ကျေးလက်ကျန်းမာရေးဌာန သို့လည်းကောင်း၊ မြိုင်မြို့နယ် ပြည်သူ့ဆေးရုံသို့လည်းကောင်း၊ ရေစကြိုမြို့နယ်ဆေးရုံသို့ လည်းကောင်း ရောက်ရှိပြီး ဆေးရုံများ၏ အစည်းအဝေး ခန်းမများ၌ ခရိုင်၊ မြို့နယ် ကျန်းမာရေး ကော်မတီဝင်များ၊ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ အသင်းဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ဆင်းရဲမှုကို ပိုမိုနက်ရှိုင်းစေသည့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါများကို အမျိုးသားရေးအသွင်ဖြင့် တိုက်ဖျက်ရန်၊ မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အလေးထားဆောင်ရွက်ရန်၊ ယင်လုံအိမ်သာ အသုံးပြုရေးနှင့် ရွာတိုင်းတွင် သန့်ရှင်းသော သောက်ရေ ရရှိရေးအတွက် လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဆေးရုံများ၏ လူနာဆောင်များ၊ ဆေးသိုလှောင်ခန်း၊ သားဖွားခန်း၊ ကာကွယ်ဆေး သိုလှောင်ခန်း၊ သွားကျန်းမာရေးဌာန၊ ဓာတ်ခွဲခန်းနှင့် ပြင်ပလူနာကုသဆောင်နှင့် ဆေးရုံ၏ လူနာဆောင်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကျောင်းသုံး စာရေးကိရိယာနှင့် ထောက်ပံ့ငွေ ပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၁၆

မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကကြီးကြပ်၍ သိမ်ဖြူမီးရထားရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ရပ်ကွက်အတွင်းရှိ အမှတ်(၅) အခြေခံပညာမူလတန်းကျောင်းတွင် ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူ ၉၃ဦးတို့အား ၂၀၀၇–၂၀၀၈ပညာသင်နှစ် ကျောင်းသုံးစာရေးကိရိယာနှင့်ထောက်ပံ့ငွေပေးအပ်ပွဲ ကိုဇွန်၁၀ရက်တွင် ကျင်းပရာ မင်္ဂလာတောင်ညွန့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကိုနှင့် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးဇော်လင်းတို့က အမှာစကား ပြောကြားကြသည်။ ထို့နောက်အလှူရှင် ရပ်ကွက်တွဲဖက်စည်းရုံးရေးမှူး ဦးစိန်ဝင်း–ဒေါ်သိန်းသိန်းစန်း၊ သမီး မမေအိန္ဒြေဖိုး၊ မစိမ့်သဒ္ဒါသိမ့်တို့က တန်ဖိုးငွေကျပ် ၂၅၀၀၀၀ တန်ဖိုးရှိ စာရေးကိရိယာနှင့် ထောက်ပံ့ငွေများကို ကျောင်းသား၊ ကျောင်းသူများအား ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ယာပုံ)**

(သတင်းစဉ်)

# မင်္ဂလာဗျူဟာအသင်း၏ ပရဟိတအဖွဲ့ သက်ကြီးဘိုးဘွားများအား ပူဇော်မည်

**ရန်ကုန် ဇွန် ၁၆**

မင်္ဂလာဗျူဟာအသင်းချုပ်၏အဖွဲ့ငယ်ဖြစ်သော မင်္ဂလာဗျူဟာပရဟိတအဖွဲ့သည် အသင်းတည်ထောင်ခြင်း (၁၀)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံတစ်ဝန်းရှိ အသက် (၁၀၀) နှင့်အထက် အဘိုး၊ အဘွား ၈၀ခန့်တို့အား ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်ရုံးတွင် ဇွန်၂၃ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ပူဇော်ပွဲ ကျင်းပမည်ဖြစ်၍ အသင်းဝင်များ တက်ရောက်ကြရန်နှင့် ငွေနှင့်လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက အဖွဲ့အတွင်းရေးမှူး ဒေါ်ခင်လဲ့ဝင်း ဖုန်း–၀၉၅၁၇၅၆၅၂၊ ၇၀၇၀၅၁၊ တွဲဖက် အတွင်းရေးမှူး ဦးရဲမြင့် ဖုန်း–၀၉၈၀၃၁၅၈၂ နှင့် အဖွဲ့တွဲဖက်အတွင်းရေးမှူး ဦးအေးသိန်း ဖုန်း–၀၉၅၁၀၈၀၈၇နှင့် ရုံးအဖွဲ့မှူး ဖုန်း–၃၇၀၉၅၈၀တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က–ပ)

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ပညာသင်စရိတ်များ ထောက်ပံ့ချီးမြှင့်

**ရန်ကုန် ဇွန် ၁၆**

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူးကျင်းပသည့် ၂၀၀၇–၂၀၀၈ပညာသင်နှစ်အတွက် ကိုယ်အင်္ဂါချို့ယွင်း မသန်စွမ်းသော ကလေးငယ်များနှင့် ချို့တဲ့သော ကျောင်းသား၊ ကျောင်းသူ ၃၂ ဦးအား စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့မွန်းလွဲ ၁နာရီတွင် မြို့နယ်ရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်ပပဝင်းက အဖွင့်အမှာစကားပြောကြားပြီး ကိုယ်အင်္ဂါချို့ယွင်း၊မသန်စွမ်းသော ကျောင်းသား၊ ကျောင်းသူ ခြောက်ဦးနှင့် ဆင်းရဲနွမ်းပါးကလေးငယ် ၂၆ ဦးတို့အား စာရေးကိရိယာများနှင့် ပညာသင်စရိတ် စုစုပေါင်းငွေကျပ် ၁၀၇၅၀၀ဖိုး ပေးအပ်ရာ **(ဝဲပုံ)**ကျောင်းသား၊ ကျောင်းသူများ ကိုယ်စား အမှတ်(၂) အထကမှ နဝမတန်းကျောင်းသူ မနန်းဖြိုးအောင်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (က–ပ)

# ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

**ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ၂၀၀၇ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ပဲခူးတိုင်း(အနောက်ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်အောင်နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးကြစဉ်။** (သတင်းစဉ်)

**ရန်ကုန် ဇွန် ၁၆**

ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်း၊ ခရိုင်၊မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ ၂၀၀၇ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဇွန် ၁၀ရက် နံနက် ၉နာရီတွင် ပြည်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်အောင်၊ ပြည်ခရိုင်ဦးစီးမှူး ဦးဘမင်း၊ ပြည်မြို့နယ်ဦးစီးမှူး ဦးဝင်းမြတ်ထွဋ်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ် ဆရာမကြီး ဒေါ်သန်းညွန့်နှင့် ဆရာ၊ ဆရာမများ၊ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အဆိုပါ ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် "မိခင် ဘဝ ကျန်းမာမှု၊ လက်တွဲဖော်ပြု အမျိုးသားထု" ခေါင်းစဉ်ဖြင့် အမျိုးသား ၈ဦး၊ အမျိုးသမီး ၁၄၉ ဦး စုစုပေါင်း ၂၃၇ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၇–၆–၂၀၀၇ (တနင်္ဂနွေနေ့)**

## နံနက်ပိုင်း

| | |
|---|---|
| **၇:၀၀** | ၁။ မြဝတီအဖွင့် |
| **၇:၀၅** | ၂။ အဖွင့်သီချင်း |
| **၇:၁၀** | ၃။ မျိုးချစ်တပ်မတော် |
| **၇:၂၀** | ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| **၇:၃၀** | ၅။ မြန်မာသံစဉ်ချိုနားဝင် |
| **၇:၄၅** | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| **၇:၅၀** | ၇။ သာယာသီကြွေးခေတ်ဆန်းတေး |
| **၇:၅၅** | ၈။ အမျိုးသားရေးလက္ခဏာ ညွှန်းဖွဲ့တေးကဗျာ |
| **၈:၀၀** | ၉။ မြဝတီရုပ်မြင်သံကြားသတင်း |
| **၈:၁၀** | ၁၀။ အမျိုးသားရေးလက္ခဏာ ညွှန်းဖွဲ့တေးကဗျာ |
| **၈:၁၅** | ၁၁။ အပိတ်နှုတ်ဆက်စကား |
| **၈:၁၆** | ၁၂။ ပြီးပါပြီ။ |

## နေ့လယ်ပိုင်း

| | |
|---|---|
| **၁၂:၀၀** | ၁။ မြဝတီအဖွင့် |
| **၁၂:၀၅** | ၂။ အဖွင့်သီချင်း |
| **၁၂:၁၀** | ၃။ မျိုးချစ်တပ်မတော် |
| **၁၂:၂၀** | ၄။ သာယာသီကြွေးခေတ်ဆန်းတေး |
| **၁၂:၃၀** | ၅။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် –သူငယ်ချင်းချစ်သူ** |
| **၁:၅၀** | ၆။ အမျိုးသားရေးလက္ခဏာ ညွှန်းဖွဲ့တေးကဗျာ |
| **၁:၅၅** | ၇။ အပိတ်နှုတ်ဆက်စကား |
| **၂:၀၀** | ၈။ ပြီးပါပြီ။ |

## ညပိုင်း

| | |
|---|---|
| **၄:၀၀** | ၁။ မြဝတီအဖွင့် |
| **၄:၀၅** | ၂။ အဖွင့်သီချင်း |
| **၄:၂၀** | ၃။ လက်စွမ်းပြဟန်ဂီတသံ |
| **၄:၃၀** | ၄။ အမျိုးသားရေးလက္ခဏာ ညွှန်းဖွဲ့တေးကဗျာ |
| **၄:၃၅** | ၅။ ချိုမြလက်သံငြိမ့်ညောင်းဟန် |
| **၄:၄၅** | ၆။ သာယာသီကြွေးခေတ်ဆန်းတေး |
| **၅:၀၀** | ၇။ သံစဉ်များနှင့်ကမ္ဘာ |
| **၆:၀၀** | ၈။ မြဝတီရုပ်မြင်သံကြားသတင်း |
| **၆:၁၀** | ၉။ နိုင်ငံတကာသတင်း |
| **၆:၂၀** | ၁၀။ အမျိုးသားရေးလက္ခဏာ ညွှန်းဖွဲ့တေးကဗျာ |
| **၆:၄၀** | ၁၁။ လျှပ်တစ်ပြက်ရိုက်ချက် |
| **၆:၄၅** | ၁၂။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ |
| **၇:၀၀** | ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဤမှန်သောသစ္စာတရားကြောင့်" (အပိုင်း–၁၁)** |
| **၈:၀၀** | ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၅။ မိုးလေဝသသတင်း |
| | ၁၆။ အမျိုးသားရေးလက္ခဏာ ညွှန်းဖွဲ့တေးကဗျာ |
| | ၁၇။ ပဟေဠိနန်းတော် |
| | ၁၈။ ကျန်းမာသုတ |
| | ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မိုးနဂါးသိုင်းရှစ်ကွက်" (အပိုင်း–၃၈)** |
| | ၂၁။ သင့်အတွက်မနက်ဖြန် |
| | ၂၂။ အပိတ်နှုတ်ဆက်စကား |
| | ၂၃။ ပြီးပါပြီ။ |

✪ **ရှေ့ဖုံးမှ**

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Alexander P. Losyukov နှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာမီခေးလ်၊ အမ်၊ မက်ဂလက်ဗီးလည်း တက်ရောက်သည်။

(သတင်းစဉ်)

# ရန်ကုန်မြို့တွင် တပ်ဆင်မည့် WCDMA Mobile Phone Third Generation တယ်လီဖုန်းစနစ်နှင့် ဆက်စပ်ပစ္စည်းများရောက်ရှိမှု ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကြည့်ရှုစစ်ဆေး ပင်လယ်ပြင် ကမ်းနီး၊ ကမ်းဝေး ဆက်သွယ်ရေးစနစ်ထူထောင်မှုနှင့် ပစ္စည်းတပ်ဆင်မှု တည်ဆောက်မှုများတွင် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေး

ရန်ကုန် ဇွန် ၁၆

**ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ZTE ကုမ္ပဏီမှပေးပို့သော မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းမှ ရန်ကုန်မြို့တွင်တပ်ဆင်မည့် WCDMA Mobile Phone Third Generation တယ်လီဖုန်းစနစ်နှင့် ဆက်စပ်ပစ္စည်းများ ရောက်ရှိနေသော အလုံမြို့နယ်ရှိ အေးရှားဝေါလ်ဆိပ်ကမ်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရောက်ရှိပြီးပစ္စည်းများအား အမြန်ဆုံးထုတ်ယူ အသုံးပြုနိုင်ရေးအတွက် တာဝန်ရှိသူများအား မှာကြားသည်။**

ဆက်လက်၍ ဝန်ကြီးအား ဟံသာဝတီရှိ E.C.S (အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်း) အစည်းအဝေးခန်းမ၌ စာတိုက်လုပ်ငန်း အော်တိုတယ်လီဖုန်းဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာတာဝန်ခံများက ရှင်းလင်းတင်ပြပြီး မြန်မာ့ပင်လယ်ပြင် ကမ်းရိုးတန်းတစ်လျှောက် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းများအတွင်း ပင်လယ်ပြင်ကမ်းနီး၊ ကမ်းဝေး ဆက်သွယ်ရေးစနစ်ထူထောင်မှုနှင့် တည်ဆောက်မည့် အခြေအနေများကို ရုံးချုပ်အခြေစိုက် မိုဘိုင်းဆက်သွယ်ရေး အင်ဂျင်နီယာချုပ်က ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက ပစ္စည်းတပ်ဆင်မှုနှင့် တည်ဆောက်မှုများတွင် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး သတ်မှတ်ချိန်အတွင်း အမြန်ဆုံး တပ်ဆင်အသုံးပြုနိုင်ရေးအတွက် ဆွေးနွေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ZTE ကုမ္ပဏီမှပေးပို့သော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ရန်ကုန်မြို့တွင် တပ်ဆင်မည့် WCDMA Mobile Phone Third Generation တယ်လီဖုန်းစနစ်နှင့် ဆက်စပ်ပစ္စည်းများကို အေးရှားဝေါလ်ဆိပ်ကမ်းတွင် ကြည့်ရှုစစ်ဆေးစဉ်။** (ဆက်သွယ်ရေး)

**တောင်ဥက္ကလာပမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၂၅) ဖွင့်ပွဲကို ဇွန် ၂ ရက်က မြို့နယ်အသင်းရုံးတွင် ကျင်းပရာ မြို့နယ်အသင်း အတွင်းရေးမှူး ဦးမြနိုင် သင်တန်းပို့ချစဉ်။** (၆၃)

# ရဲချုပ်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၆

**မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ၂၀၀၇ ခုနှစ် (၁၇)ကြိမ်မြောက် ရဲချုပ်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ်သန်းဟန် တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်သည်။**

အခမ်းအနားတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ်ကိုယ်စား ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ်သန်းဟန်က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်မှ ဒိုင်အဖွဲ့ဝင်များအတွက် လက်ဆောင်ပစ္စည်းများကို အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်သူက လည်းကောင်း၊ အကောင်းဆုံး ခုံဆုရ တပ်ဖွဲ့ဝင် ငါးဦးအား ဒုတိယတိုင်း ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဆယ်မောင်က လည်းကောင်း၊ အသင်းလိုက် ပထမဆုရ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့အသင်း၊ ဒုတိယဆုရ ကချင်ပြည်နယ် ရဲတပ်ဖွဲ့အသင်းနှင့် တတိယဆုရ မန္တလေးတိုင်း ရဲတပ်ဖွဲ့အသင်းတို့အား ညွှန်ကြားရေးမှူး(ထောက်) ရဲမှူးကြီးသိန်းတင့်က လည်းကောင်း၊ ခြောက်နှစ်ဆက်တိုက် တံခွန်စိုက်ဒိုင်းဆုရ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့အသင်းအား ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ်သန်းဟန်က လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



## ပေးအပ်ချီးမြှင့်

**မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ (၁၇) ကြိမ်မြောက် ရဲချုပ်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲတွင် ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ်သန်းဟန် ခြောက်နှစ်ဆက်တိုက် ပထမဆုရ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့အသင်းအား တံခွန်စိုက်ဒိုင်း ပေးအပ်ချီးမြှင့်စဉ်။**

(ရန်ကုန်တိုင်းရဲ)

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

## ၁၇-၆-၂၀၀၇ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈:၁၀ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ ငါ့သရောက်ရေလှောင်တမံ
- ၈:၂၀ ၈။ အရေးပြိုင်ပွဲ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Say it in English.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၄၀ ၄။ Yan Can Cook.
- ၁၁:၅၅ ၅။ **မြန်မာဗီဒီယိုဇာတ်လမ်း "လှည့်၍မရသောလှည့်ကွက်" (ကျော်သူ၊ နေမျိုးအောင်၊ ရတနာခင်) (ဒါရိုက်တာ-မင်းနိုင်)**
- ၁:၅၀ ၆။ "တော်ကြပါတော့ဗျာ၊ သွားကြပါတော့ဗျာ ဆောင်းပါးရှင်ငါးမင်းဆွေနှင့် ဆွေးနွေးခန်း"
- ၂:၁၅ ၇။ အကပြိုင်ပွဲ
- ၂:၃၀ ၈။ တေးဂီတအစီအစဉ်
- ၂:၄၅ ၉။ International News.
- ၃:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ သာယာချိုအေး(၃၈)ဖြာမင်္ဂလာတေး
- ၄:၅၅ ၅။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ) (ရုက္ခဗေဒ)**
- ၅:၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၅:၂၅ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၀၀ ၈။ ညနေခင်းသတင်း
- ၆:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၀။ သီရိဂေဟာ
- ၇:၀၀ ၁၁။ "အချိန်မီပါသေးတယ်" (အပိုင်း-၁)
- ၇:၁၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သမားတော်" (အပိုင်း-၃၅)**
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းနှင်းဆီ" (အပိုင်း-၂၆)**
- ၁၇။ နောက်တစ်နေ့အစီအစဉ်
- ၁၈။ အစီအစဉ်ပြီး၏။

# ဘဏ္ဍာရေးစည်းမျဉ်း အထူးသင်တန်းဆင်း နယ်စပ်စည်ပင်ညွှန်ကြားရေးမှူးချုပ် ဆုများချီးမြှင့်

**ရန်ကုန် ဇွန် ၁၆**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းသည် ဇွန် ၁၅ရက် နံနက် ၈ နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော ဘဏ္ဍာရေးစည်းမျဉ်း အထူးသင်တန်း အမှတ်စဉ်(၁၈) ဆင်းပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် စံပြသင်တန်းသားဆုရရှိသူ မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးကိုကိုထွန်းအား ထူးချွန်ဆုချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသားခေါင်းဆောင်သို့ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စည်ပင်ယာရေးဦးစီးဌာနနှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့မှ သင်တန်းသား ၂၉ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ် ကြာမြင့်ခဲ့သည်။

(သတင်းစဉ်)

**အင်းစိန်မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ ကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာကျောင်းပေါင်းစုံ စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲ ဆုချီးမြှင့်ရန်နှင့် အသင်းရန်ပုံငွေ ကျပ်တစ်သိန်းကို ရုပ်ရှင်ဒါရိုက်တာ ဓာတ်ပုံ အဏ်ထော်ဏီ (မော်လမြိုင်)မိသားစုက ဇွန် ၁၂ရက်တွင် လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးယဉ်ကျော်၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်းတို့ လက်ခံယူစဉ်။** (က-ပ)

# အသုံးချခံများ

ဝဏ္ဏမင်းခေါင်

**ပေါ်ဦးထွန်း(မင်းကိုနိုင်)**

ခုတလော မင်းတို့ရဲ့ (၈၈)မျိုးဆက်ကျောင်းသားအုပ်စုက ရာသီအလိုက် လူရာဝင်လိုမှု နိုင်ငံရေးစတန့်ကွက်ပေါင်းစုံကို မဆင်မခြင်လုပ်နေတာတွေနဲ့ပတ်သက်ပြီး အဆင်အကွက်တွေက သိပ်မဟုတ်လို့ ဒီအကြောင်းတွေ ရေးဖြစ်သွားတယ်ဆိုပါတော့ကွာ။

အခုရက်ပိုင်းအတွင်း မိုးဦးကျဖားပေါင်းစုံအော်သံတွေနဲ့အပြိုင် ပြည်ပရေဒီယိုအသံလှိုင်းတွေမှာလည်း ရာသီအလိုက် အော်သံပေါင်းစုံကို ကြားနေရတယ်။ အထူးသဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းလို့အလွယ်ခေါ်နေကြတဲ့ မြန်မာပြည်အကျိုးစီးပွား ပျက်စီးရာ ပျက်စီးကြောင်း ကြံဆောင်နေကြတဲ့နိုင်ငံအချို့ရဲ့ ပြည်တွင်းရေးဝင်ရောက်စွက်ဖက်မှုတွေ၊ နောက်မြီးဆွဲ ကြံဖော်ကြံဖက်တွေရဲ့ နှုတ်ခမ်းပဲ့ချင်းမီးမှုတ်နေတဲ့ လုပ်ရပ်တွေကို အားရဝမ်းသာ ထောက်ခံပြီး ဖောက်သည်ချနေကြတာဟာ တော်တော်စိတ်ပျက်စရာတွေပဲကွ။

အလားတူ မင်းတို့အုပ်စုကလည်း အဲဒီအခြေအနေတွေကို အလွတ်မပေးဘဲ ဒိုင်ဗင်ဝင်ပစ်ပြီး မင်းတို့အုပ်စုနာမည်ထွက်လာအောင် ဆရာသခင်တွေအလိုကျ ပြောချင်ရာတွေပြောလာသလို စာတစ်စောင်ပေတစ်ဖွဲ့နဲ့ တရုတ်တို့၊ ရုရှားတို့ကိုပါ လူတွင်ကျယ်ထလုပ်ပြလိုက်ပြန်တယ်။

အေး မင်းတို့အုပ်စုသိအောင်ပြောရရင်–

မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံအသီးသီးကြားမှာ ကျင့်ဝတ်ဆိုင်ရာ သဘောတူညီမှု တစ်ရပ်ရပ် ပြုလုပ်ထားရုံနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေး အပါအဝင် မိမိတို့ ဆိုင်ရာဆိုင်ရာ နိုင်ငံတွေရဲ့ လုံခြုံရေးနဲ့ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မယ်လို့ အကြွင်းမဲ့ယုံကြည်လက်ခံဖို့ မရနိုင်ကြောင်း သိလာကြတယ်။ အဲဒါကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတို့ဟာ မိမိတို့နိုင်ငံရဲ့ ပြည်တွင်းပြည်ပရန်အပေါင်းကို ကာကွယ်ဖို့အတွက် အင်အားကို သတိသမ္ပဇဉ်တရား (Prodence) အသုံးပြုပြီး မိမိတို့နိုင်ငံတွေရဲ့ အမျိုးသားအကျိုးစီးပွားကို ဆောင်ရွက်နေခြင်းဖြစ်တယ်။ အဲဒီသဘောတရားလောက်မှ မင်းတို့အုပ်စုက သဘောမပေါက်လေတော့ မင်းတို့အုပ်စု အမေကျော်ဒွေးဘော်လွမ်းနေတာ မဆန်းပါဘူးကွာ။

ဒို့မြန်မာနိုင်ငံဟာ ကမ္ဘာ့မိသားစုဝင်နိုင်ငံ တစ်နိုင်ငံပီပီ **မိမိတို့နိုင်ငံရဲ့အား (ပြည်တွင်းရှိ တိုင်းရင်းသားညီအစ်ကိုများရဲ့ ညီညွတ်သောစည်းလုံးမှု)ကို သတိသမ္ပဇဉ်တရားအသုံးပြုပြီး မိမိတို့နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားကို ဆောင်ရွက်နေခြင်းဖြစ်တယ်ဆိုတာ မင်းတို့တကယ်ပဲမသိတာလား၊ သိရဲ့သားနဲ့ တမင်မသိချင်ယောင်ဆောင်နေတာလား။အေး–သတိသမ္ပဇဉ်တရားဆိုတာက ဇကန်ဒိဋ္ဌအခြေအနေမှာ အကောင်းနဲ့အဆိုးကို ချင့်ချိန်သုံးသပ်နိုင်တဲ့ အစိုးရတစ်ရပ်ရဲ့ ကျင့်ဝတ်ဆိုင်ရာ အလေ့အကျင့်(စွမ်းရည်)ပဲ။**

အမျိုးသားအကျိုးစီးပွား (National Interest)နဲ့ ပတ်သက်ပြီး ပြောရရင် သမိုင်းစဉ်တစ်လျှောက် နိုင်ငံအချင်းချင်းဆက်ဆံရင်းနဲ့ နိုင်ငံတကာဆက်ဆံရေး (International Relation)၊ သို့မဟုတ် အပြည်ပြည်ဆိုင်ရာနိုင်ငံရေး (International Politics) ဆိုတာတွေ ပေါ်ထွက်လာခဲ့တယ်။ ဒီလိုပေါ်ထွက်လာချက်တွေကို အနှစ်ချုပ်ခွဲခြားကြည့်မယ်ဆိုရင် အောက်ဖော်ပြပါအခြေခံအချက်(၃)ချက်ကို တွေ့ရမှာဖြစ်တယ်–

- **နိုင်ငံတစ်နိုင်ငံ၏ ရွေးချယ်ပိုင်ခွင့်လွတ်လပ်မှု**
- **နိုင်ငံတစ်နိုင်ငံ၏ လှုပ်ရှားဆောင်ရွက်နိုင်သော နည်းလမ်းများ**
- **အဆိုပါဆောင်ရွက်မှု နည်းလမ်းများအပေါ် ကန့်သတ်ချက်များ**

နိုင်ငံတစ်နိုင်ငံရဲ့ ရွေးချယ်ပိုင်ခွင့်လွတ်လပ်မှုဟာ အချုပ်အခြာအာဏာပိုင်စိုးမှုက တိုက်ရိုက်ပေါ်ထွက်လာခြင်းဖြစ်တယ်။ အချုပ်အခြာအာဏာ ပိုင်ခြင်းဆိုတာက အဲဒီနိုင်ငံအနေနဲ့ မိမိကြိုက်နှစ်သက်ရာ(စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး)ပုံစံတွေကို လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိတဲ့ဂုဏ်ကို ဖော်ပြခြင်းပဲ ကိုယ့်လူ။

**ဒါ့ကြောင့် အချုပ်အခြာအာဏာပိုင်ဆိုင်တဲ့ နိုင်ငံတစ်နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွား ဖော်ဆောင်မှုဟာ ဘယ်သို့ဖြစ်သင့်တယ်၊ ဘယ်သို့ဖြစ်ရမယ်ဆိုပြီး ဘယ်လိုပြည်ပအင်အားစုမျိုးကမှ ချုပ်ချယ်ညွှန်ကြားအကျပ်ကိုင် တောင်းဆိုတာမျိုး လုပ်ဆောင်ခွင့်မရှိဘူး။ လက်ရှိမြန်မာနိုင်ငံအရေးနဲ့ ပတ်သက်လာရင်လည်း ထိုသဘောအတိုင်းပဲ။ ဘယ်နိုင်ငံ၊ ဘယ်အင်အားစုကမှ ဝင်ရောက်စွက်ဖက်ခွင့်မရှိဘူး။**

**ကမ္ဘာ့နိုင်ငံအသီးသီးတို့ဟာ မိမိတို့နိုင်ငံရဲ့ ပြည်တွင်းပြည်ပရန်အပေါင်းကို ကာကွယ်ဖို့အတွက် အင်အားကို သတိသမ္ပဇဉ်တရား အသုံးပြုပြီး မိမိတို့ နိုင်ငံတွေရဲ့ အမျိုးသား အကျိုးစီးပွားကို ဆောင်ရွက်နေခြင်း ဖြစ်တယ်။ အဲဒီ သဘောတရားလောက်မှ မင်းတို့ အုပ်စုက သဘောမပေါက်လေတော့ မင်းတို့အုပ်စု အမေကျော် ဒွေးဘော်လွမ်းနေတာ မဆန်းပါဘူး။**

**နိုင်ငံတိုင်း နိုင်ငံတိုင်းဟာ မိမိတို့နိုင်ငံများအတွင်း ဖြစ်ပေါ်တိုးတက်နေတဲ့ ဖြစ်စဉ်အကြောင်းတရားတွေအပေါ် မူတည်ပြီး မိမိတို့နိုင်ငံတွေအတွက်အကောင်းဆုံးဖြစ်မယ့် အမျိုးသားအကျိုးစီးပွားဆိုင်ရာ ရည်မှန်းချက်တွေကို ဖော်ထုတ်ကျင့်နေကြခြင်းသာဖြစ်တယ်။ နိုင်ငံတစ်နိုင်ငံချင်းဟာ မိမိတို့နိုင်ငံတွေအလိုက် ကြုံတွေ့နေရတဲ့အခြေအနေတွေအပေါ် လွတ်လပ်စွာလေ့လာသုံးသပ်ပြီး မိမိတို့ဆန္ဒတွေအတိုင်း ရည်မှန်းချက်တွေကို ရွေးချယ်ဖော်ထုတ်ခွင့်ရှိတယ်။**

ဒါ့အပြင် မိမိနိုင်ငံအတွက် သင့်လျော်မယ့်မူဝါဒတွေ၊ မိမိနိုင်ငံနဲ့ ကိုက်ညီပြီး မှန်ကန်တယ်လို့ ယူဆတဲ့နည်းစနစ်တွေကို အသုံးပြုဖော်ထုတ်ရယူကျင့်သုံးခွင့်ရှိတယ်။ နိုင်ငံတစ်နိုင်ငံဘက်က ရှုမြင်ကြည့်ရင် အကျိုးစီးပွားရည်မှန်းချက်တွေနဲ့ မူဝါဒတွေအားလုံးဟာ မိမိနိုင်ငံအတွက်ပဲ ဖြစ်ရမယ်။ ဒါထုံးစံပဲလေ။

**ကမ္ဘာ့နိုင်ငံများအစုအဝေးစနစ်မှာ အဖွဲ့ဝင်ဖြစ်တဲ့ နိုင်ငံတစ်နိုင်ငံဟာ မိမိတို့ကြိုက်နှစ်သက်ရာ ဘယ်လိုဝါဒမျိုးကိုမဆို ကိုင်စွဲကျင့်သုံးခွင့်ရှိတယ်။ မိမိတို့ရဲ့ဆုံးဖြတ်ချက်တွေနဲ့ ပတ်သက်လို့လည်း မိမိနိုင်ငံမှတစ်ပါး အခြားဘယ်နိုင်ငံ၊ ဘယ်လိုအင်အားစုမျိုးကိုမှ တာဝန်ခံစရာမလိုဘူး။**

အဲဒီလိုလွတ်လပ်စွာရွေးချယ်လုပ်ဆောင်ခွင့်အရ နိုင်ငံတစ်နိုင်ငံဟာ မိမိရဲ့ရည်မှန်းချက်တစ်ရပ် ဖြစ်ပေါ်လာစေရေးကို ဖော်ဆောင်ရာမှာ အသွင်သဏ္ဌာန်အမျိုးမျိုးနဲ့ လုပ်ဆောင်နိုင်ခွင့်ရှိတယ်။ သို့သော် နိုင်ငံတစ်ခုရဲ့လှုပ်ရှားဆောင်ရွက်နိုင်တဲ့နည်းလမ်းတွေကို ယေဘုယျအားဖြင့် အောက်ပါအတိုင်းတွေ့ရလိမ့်မယ်–

**(၁) သံရေး၊ တမန်ရေးဆောင်ရွက်မှုဖြစ်တဲ့ နိုင်ငံရေးအရ ဆောင်ရွက်မှု၊**

**(၂) ထုတ်လုပ်မှုနဲ့ ခွဲဝေခံစားမှုစနစ်တွေကတစ်ဆင့် လှုပ်ရှားဆောင်ရွက်မှုဖြစ်တဲ့ စီးပွားရေးအရ ဆောင်ရွက်မှု၊**

**(၃) လူထုကို ဆွဲဆောင်စည်းရုံးသော လှုပ်ရှားဆောင်ရွက်မှုဖြစ်တဲ့ စိတ်ဓာတ်စစ်ဆင်ရေးအရ ဆောင်ရွက်မှု၊**

**(၄) လက်နက်အင်အားသုံး ဆောင်ရွက်မှုဖြစ်တဲ့ စစ်ရေးအရ ဆောင်ရွက်မှု၊**

နိုင်ငံတို့အနေနဲ့ မိမိတို့ရဲ့ရည်မှန်းချက်တွေကို ဖော်ဆောင်ဖို့ ဖော်ပြပါ နည်းလမ်း(၄)သွယ်ကို ဖြစ်ပေါ်နေတဲ့ အခြေအနေပေါ်မူတည်ပြီး အချိုးအစားအမျိုးမျိုးနဲ့ ပေါင်းစပ်သုံးစွဲတတ်ကြတယ်။ ဒီလို နိုင်ငံတကာဆက်ဆံရေး နယ်ပယ်အတွင်းက ဆောင်ရွက်မှုနည်းလမ်းတွေအပေါ် အောက်မှာဖော်ပြထားတဲ့အတိုင်း ကန့်သတ်ထားချက်ဆိုတာတွေလည်း ရှိနေပြန်သေးတယ်–

**တရားဝင်ကန့်သတ်ချက်များ** (Formal Limits)

**တရားမဝင်ကန့်သတ်ချက်များ** (Informal Limits)

တရားဝင်ကန့်သတ်ချက်ဆိုတာက အပြည်ပြည်ဆိုင်ရာဥပဒေနဲ့ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းလို့ ဆိုနိုင်တယ်။ အပြည်ပြည်ဆိုင်ရာ ဥပဒေမှာ နိုင်ငံတစ်ခုအနေနဲ့ ကြုံတွေ့ရမယ့် အခြေအနေ အရပ်ရပ်မှာ နိုင်ငံတွေက လက်ခံနိုင်မယ့် ကျင့်ဝတ်တွေကို စုစည်းပြီး ဥပဒေအဖြစ် ဖော်ပြထားတယ်။ အဲဒီ ဥပဒေဟာ လက်တွေ့နယ်ပယ်မှာ ပြည့်စုံတယ်လို့မဆိုနိုင်သေးတဲ့အပြင် နိုင်ငံတွေက လိုက်နာဖို့ ကြပ်မတ်မှုအပိုင်းမှာလည်း မရေရာမှုတွေ ရှိနေသေးပေမယ့် အခြေအနေတစ်ရပ်အထိတော့ နိုင်ငံတွေရဲ့ ဆောင်ရွက်နိုင်မှုကို အကန့်အသတ်ပြုနေနိုင်တယ်။

အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းလို့ဆိုရာမှာ ပင်မအနေနဲ့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကိုပဲ ဦးတည်ဖော်ပြရလိမ့်မယ်။ ကုလသမဂ္ဂအဖွဲ့ကြီးအနေနဲ့က ပဋိညာဉ်အရခွင့်ပြုထားတဲ့ နိုင်ငံတွေရဲ့ အပြုအမူတွေအပေါ် အကောင်းနဲ့အဆိုး ဆုံးဖြတ်ပိုင်ခွင့်ရှိခြင်းနဲ့

အပြည်ပြည်ဆိုင်ရာ သဘောတွေကို
တို့အရ နိုင်ငံတွေရဲ့ဆောင်ရွက်နိုင်
စေတယ် ဆိုပါတော့။

တရားမဝင်မဟုတ်တဲ့ကန့်သတ်
ကျတော့ နိုင်ငံတွေစုစည်းနေထိုင်
တာ။ အချုပ်အခြာအာဏာပိုင် နိုင်
ဖော်ဆောင်ရာမှာ ကိုယ့်လိုအလားတူ
တွေနဲ့ ရင်ဆိုင်ကြုံတွေ့ရစမြဲပဲ။ ဒီ
ကြရာမှာ တစ်ချိန်မဟုတ်တစ်ချိန်
အနေမျိုးတွေလည်း ရှိလာတတ်
ဒီနေရာမှာ သတိပြုရမှာက ဘ
တည်းမှာ အခြားနိုင်ငံအသီးသီးနဲ့ ထ
နိုင်ခြေမရှိတာကြောင့် ကိုယ့်နိုင်ငံနဲ့ အ
ဆန့်ကျင်မှုနည်းတဲ့ အခြားနိုင်ငံတွေ
ဆက်ဆံချင်းဆိုတာတွေကို လုပ်
နိုင်ငံတစ်ခုအနေနဲ့ ထိပ်တိုက်
ဖြစ်ပေါ်လာတဲ့အခါ အခြားကန့်သ
လာပြန်သေးတယ်။ အဲဒါကတော့
ဖြစ်စဉ်တွေအရ နိုင်ငံတစ်ခုအနေ
နိုင်မှု (Capacity) ထက်ကျော်
တွန်းအားမပြုသင့်ဘူးဆိုတဲ့ သဘေ
ဒီကနေ့ ဒို့နိုင်ငံရဲ့ ဒီမိုကရေစီ
စဉ်တွေနဲ့ တည်ဆဲအစိုးရအပေါ် အ
ဝိုင်းအာနေကြတဲ့ နိုင်ငံတွေ၊အဖွဲ့တွေ
တရားတွေကို သဘောမပေါက်ဘူ
**မင်းတို့အုပ်စုအနေနဲ့ ကိုယ့်နိုင်ငံ အမျ
ရာ တိုးတက်ကြောင်းကို အမှန်
အဲဒီနိုင်ငံ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ
သံယောင်လိုက်နေမယ့်အစား နိုင်ငံ
အပြုသဘောဆောင်ချဉ်းကပ်ပူးပေါင်း
ပေါ်ဦးထွန်း**

နိုင်ငံတစ်ခုရဲ့ အမျိုးသားအက
- **နိုင်ငံတော်အစွန့်ရှည်တ**
- **နိုင်ငံတော်လုံခြုံမှုရှိစေရေ**
- **နိုင်ငံတော်ကောင်းမွန်စွာ ရေး**

ဆိုတဲ့ ကဏ္ဍ(၃)ရပ်ပဲ။ ဒီကဏ္ဍ
စဉ်းစားရမယ့်ကဏ္ဍတွေဖြစ်သလို
ကြရမယ့် အချက်တွေလည်းဖြစ်
နိုင်ငံတကာဆက်ဆံရေးလမ်း
တွေဟာ ကိုယ့်နိုင်ငံရဲ့ အမျိုးသားအ
ချမှတ်ဆောင်ရွက်ရာမှာ အခြားသေ
ကြုံတွေ့ကြရတတ်တယ်။ အခြား
လှုပ်ရှားမှုတွေကို မိမိက တုံ့ပြန်ဆော
အကျိုးစီးပွားအပေါ်မူတည်ပြီး ဆန့်
ပူးပေါင်းဆောင်ရွက်မှု (Co-oper
လိုက်နာ ဆောင်ရွက်ခြင်း (Ac
တစ်နည်းနည်းကို ကျင့်သုံးဆောင်
နိုင်ငံတကာဆက်ဆံရေးလော
အချုပ်အခြာအာဏာပိုင်တဲ့ နိုင်ငံ
သဘောကိုကြည့်မယ်ဆိုရင် နိုင်ငံ
မတိုက်ဆိုင်မှုတွေဖြစ်လာရင် အဲဒီ
ဆိုတာက သဘောတူညီမှုရယူခြင်
သဘောတူညီမှုရရှိတဲ့အပိုင်းမှာ လွ
သလို၊ အတင်းအကျပ်ပြုခံရပြီး သ
ရှိပါတယ်။

ဒါကြောင့် နိုင်ငံတကာဆက်
သုံးပြီး သဘောတူညီလာအောင်

အပြည်ပြည်ဆိုင်ရာ သဘောတွေကို စုစည်းဖော်ထုတ်နိုင်စွမ်းရှိခြင်း တို့အရ နိုင်ငံတွေရဲ့ဆောင်ရွက်နိုင်မှုတွေကို ကန့်သတ်မှုဖြစ်ပေါ်စေတယ် ဆိုပါတော့။

တရားမဝင်မဟုတ်တဲ့ကန့်သတ်ချက်ဆိုတာကလည်း တကယ်ကျတော့ နိုင်ငံတွေစုစည်းနေထိုင်တဲ့ စနစ်ကနေပဲပေါ်ထွက်လာတာ။ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုဟာ ကိုယ့်ရဲ့မူဝါဒကို ဖော်ဆောင်ရာမှာ ကိုယ့်လိုအလားတူ ဖော်ဆောင်နေတဲ့ အခြားနိုင်ငံတွေနဲ့ ရင်ဆိုင်ကြုံတွေ့ရစမြဲပဲ။ ဒီလို အပြိုင်အဆိုင်ဖော်ဆောင်ကြရာမှာ တစ်ချိန်မဟုတ်တစ်ချိန် ထိပ်တိုက်ကြုံလာရတဲ့ အခြေအနေမျိုးတွေလည်း ရှိလာတတ်သေးတယ်။

ဒီနေရာမှာ သတိပြုရမှာက ဘယ်လိုနိုင်ငံမျိုးကမှ တစ်ချိန်တည်းမှာ အခြားနိုင်ငံအသီးသီးနဲ့ ထိပ်တိုက်ရင်ဆိုင်ဖို့ ဆောင်ရွက်နိုင်ခြေမရှိတာကြောင့် ကိုယ့်နိုင်ငံနဲ့ အကျိုးစီးပွားချင်း မဆန့်ကျင်တဲ့၊ ဆန့်ကျင်မှုနည်းတဲ့ အခြားနိုင်ငံတွေအပေါ်မှာ လိုက်လျောညီထွေ ဆက်ဆံချင်းဆိုတာတွေကို လုပ်ဆောင်ကြရတယ်။

နိုင်ငံတစ်ခုအနေနဲ့ ထိပ်တိုက်ရင်ဆိုင်ရတဲ့ အခြေအနေတွေ ဖြစ်ပေါ်လာတဲ့အခါ အခြားကန့်သတ်ချက်တစ်ခုဆိုတာ ထပ်ပေါ်လာပြန်သေးတယ်။ အဲဒါကတော့ လက်တွေ့ကျတဲ့ ကမ္ဘာ့ဖြစ်စဉ်တွေအရ နိုင်ငံတစ်ခုအနေနဲ့ ကိုယ့်နိုင်ငံရဲ့စွမ်းဆောင်နိုင်မှု (Capacity) ထက်ကျော်လွန်ပြီး အခြားတစ်ဖက်ကို တွန်းအားမပြုသင့်ဘူးဆိုတဲ့ သဘောတရားပဲ။

ဒီကနေ့ ဒို့နိုင်ငံရဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တွေနဲ့ တည်ဆဲအစိုးရအပေါ် အဆိုးမြင်ဝါဒနဲ့ ကျီးအာသလို ဝိုင်းအာနေကြတဲ့ နိုင်ငံတွေ၊အဖွဲ့တွေ၊ လူပုဂ္ဂိုလ်တွေဟာ ဒီသဘောတရားတွေကို သဘောမပေါက်ဘူးဆိုတာ ထင်ရှားနေတယ်။ **မင်းတို့အုပ်စုအနေနဲ့ ကိုယ့်နိုင်ငံ အမျိုးသားအကျိုးစီးပွား တိုးတက်ရာ တိုးတက်ကြောင်းကို အမှန်တကယ် လိုလားတယ်ဆိုရင် အဲဒီနိုင်ငံ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တွေရဲ့ နောက်မြီးဆွဲဘဝနဲ့ သံယောင်လိုက်နေမယ့်အစား နိုင်ငံတော်အတွက် လက်တွေ့ကျတဲ့ အပြုသဘောဆောင်ချဉ်းကပ်ပူးပေါင်းဆောင်ရွက်မှုတွေလုပ်သင့်တယ်။ ပေါ်ဦးထွန်း**

နိုင်ငံတစ်ခုရဲ့ အမျိုးသားအကျိုးစီးပွားဆိုတာဟာ–

- **နိုင်ငံတော်အစွန့်ရှည်တည်တံ့ရေး၊**
- **နိုင်ငံတော်လုံခြုံမှုရှိစေရေး၊**
- **နိုင်ငံတော်ကောင်းမွန်စွာ ရှင်သန်ရပ်တည်တိုးတက်နိုင်ရေး**

ဆိုတဲ့ ကဏ္ဍ(၃)ရပ်ပဲ။ ဒီကဏ္ဍ(၃)ရပ်ဟာ ယေဘုယျခြုံပြီး စဉ်းစားရမယ့်ကဏ္ဍတွေဖြစ်သလို အရှည်သဖြင့်လည်း တိုင်းတာကြရမယ့် အချက်တွေလည်းဖြစ်တယ်။

နိုင်ငံတကာဆက်ဆံရေးလမ်းကြောင်းပေါ်မှာ ရှိကြတဲ့နိုင်ငံတွေဟာ ကိုယ့်နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားအတွက် မူဝါဒတွေချမှတ်ဆောင်ရွက်ရာမှာ အခြားသောနိုင်ငံတွေရဲ့ ဆန့်ကျင်မှုကို ကြုံတွေ့ကြရတတ်တယ်။ အခြားသောနိုင်ငံတွေရဲ့ မူဝါဒရေးရာလှုပ်ရှားမှုတွေကို မိမိက တုံ့ပြန်ဆောင်ရွက်ရာမှာလည်း ကိုယ့်နိုင်ငံအကျိုးစီးပွားအပေါ်မူတည်ပြီး ဆန့်ကျင်မှု (Resisting) နဲ့ဖြစ်စေ၊ ပူးပေါင်းဆောင်ရွက်မှု (Co-operation) နဲ့ ဖြစ်စေ၊ လက်ခံလိုက်နာ ဆောင်ရွက်ခြင်း (Accomodating) နဲ့ ဖြစ်စေ တစ်နည်းနည်းကို ကျင့်သုံးဆောင်ရွက်ရလေ့ရှိတယ်။

နိုင်ငံတကာဆက်ဆံရေးလောကမှာ လှုပ်ရှားနေကြတာဟာ အချုပ်အခြာအာဏာပိုင်တဲ့ နိုင်ငံတွေဖြစ်တဲ့အလျောက် အခြေခံသဘောကိုကြည့်မယ်ဆိုရင် နိုင်ငံတစ်ခုနဲ့တစ်ခု သဘောထားမတိုက်ဆိုင်မှုတွေဖြစ်လာရင် အဲဒီမတိုက်ဆိုင်မှုကို ဖြေရှင်းစေဖို့ဆိုတာက သဘောတူညီမှုရယူခြင်းဆိုတဲ့ နည်းလမ်းပဲရှိတယ်။ သဘောတူညီမှုရရှိတဲ့အပိုင်းမှာ လွတ်လပ်စွာသဘောတူတာမျိုးရှိသလို၊ အတင်းအကျပ်ပြုခံရပြီး သဘောတူပေးရတာတွေလည်း ရှိပါတယ်။

ဒါကြောင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်မှာ အင်အားသုံးပြီး သဘောတူညီလာအောင် ပြုလုပ်တဲ့ နည်းစနစ်တွေ

**မင်းတို့အုပ်စုအနေနဲ့ ကိုယ့်နိုင်ငံ အမျိုးသား အကျိုးစီးပွား တိုးတက်ရာ တိုးတက်ကြောင်းကို အမှန်တကယ် လိုလားတယ်ဆိုရင် အဲဒီနိုင်ငံ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တွေရဲ့ နောက်မြီးဆွဲ ဘဝနဲ့ သံယောင်လိုက်နေမယ့်အစား နိုင်ငံတော်အတွက် လက်တွေ့ကျတဲ့ အပြုသဘောဆောင် ချဉ်းကပ်ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်သင့်တယ်။**

ကျင့်သုံးခြင်းနဲ့ အလိုအလျောက်သဘောတူမှု ဖြစ်လာစေဖို့ သိမ်းသွင်းစည်းရုံးခြင်းဆိုတဲ့ နည်းစနစ်နှစ်ရပ်စလုံးဟာ နိုင်ငံတွေရဲ့စွမ်းဆောင်နိုင်မှု (Capability) မှာ ပါဝင်ပတ်သက်နေတယ်။

အဲဒီအခါ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်မှာ အင်အားကြီးမှု၊ ငယ်မှုဆိုတာဟာ ပြဿနာရှိလာပြီ။ အင်အားကြီးနိုင်ငံတွေဟာ နိုင်ငံငယ်တွေကို သူတို့ရဲ့သဘောအလိုကျ ကြိုးဆွဲရာကနိုင်ဖို့အတွက် နည်းမျိုးစုံ၊ ညစ်ကွက်အထွေထွေ၊ လှည့်ဖြားမှုအဖြာဖြာတို့ သုံးပြီး သူတို့နိုင်ငံတွေရဲ့ အမျိုးသားအကျိုးစီးပွားတွေ ပိုမိုခိုင်မာထွန်းပြောင်လာအောင် ဆောင်ရွက်လာကြတတ်တယ်။

နိုင်ငံငယ်တွေဟာ စွမ်းဆောင်နိုင်မှုပိုင်းဆိုင်ရာ အားနည်းချက်တွေကြောင့် ကိုယ့်ထက်အားသာတဲ့ နိုင်ငံတွေရဲ့ ဖိုလ်ကျမှု၊ နိုင့်ထက်စီးနင်းလုပ်မှု၊ အချုပ်အခြာအာဏာကို ပမာမခန့်ပြုမှု စတာတွေကို လိုမ့်ခံရတော့တာပဲ။ နိုင်ငံကြီးတွေဟာ ပစ်မှတ်နိုင်ငံတွေအပေါ် သူတို့လိုချင်တဲ့ နိုင်ငံရေးမျှော်မှန်းချက်တွေ ထမြောက်လာစေဖို့ ဦးဆောင်အုပ်စုဖွဲ့ဖိအားပေးအကျပ်ကိုင်တာမျိုး၊ ပစ်မှတ်နိုင်ငံက ပြည်သူတွေရဲ့ ပကတိအရှိတရားနဲ့ လိုလားချက်တွေကို ပစ်ပယ်ပြီး သူတို့ရဲ့ဩဇာခံလူတစ်စုအရေး ရှေ့တန်းတင်ပြီး တိုင်းပြည်အတွင်း ဆူပူအုံကြွမှုတွေအပါအဝင် ပရမ်းပတာစည်းလွတ်ဝါးလွတ်တွေဖြစ်လာအောင်ကြံဆောင်ခြင်း (Misery and chaos) တွေ လုပ်ဆောင်လာခဲ့တယ်။ ဒီလောက်ဆို မင်းတို့လုပ်ရပ်တွေအပေါ် မင်းတို့ပြန်လည်သုံးသပ်နိုင်လိမ့်မယ်လို့ ထင်တယ်။

နိုင်ငံတစ်နိုင်ငံရဲ့ အမျိုးသား အကျိုးစီးပွားဆိုင်ရာတွေကို လွှမ်းမိုးချုပ်ကိုင်နိုင်ဖို့အတွက် ပြည်ပအင်အားကြီးနိုင်ငံတွေနဲ့ ပြည်ပအုပ်စုတွေဟာ ပြည်တွင်းက ဩဇာခံတွေကို ဗဟိုပြုပြီး အချုပ်အခြာအာဏာပိုင်ဆိုင်မှုနဲ့ တည်ဆဲအစိုးရအပေါ် ဘယ်လိုအန္တရာယ်ပြုမှုတွေ လုပ်လာတတ်သလဲဆိုတာ ဆက်ပြီးလေ့လာကြည့်ကြရအောင်။

အချုပ်အခြာအာဏာပိုင်မှုနဲ့ ပတ်သက်ပြီး ဖြစ်ပေါ်လာစေတဲ့ အန္တရာယ်ပြုမှုတွေကတော့–

**(၁) နိုင်ငံ၏ပြည်တွင်းရေးများကို (ဒီမိုကရေစီနှင့်လူ့အခွင့်အရေးဆိုင်ရာ)အကြောင်း အမျိုးမျိုးပြပြီး ဝင်ရောက်စွက်ဖက်ခြင်း**

**(၂) နိုင်ငံ၏အာဏာသက်ရောက်မှုကို နည်းအမျိုးမျိုးဖြင့် ဟန့်တားခြင်း၊ ပျက်ပြယ်စေခြင်း၊**

**(၃) နိုင်ငံ၏ ပြည်တွင်းရေးဆောင်ရွက်ချက်ကိုသာမက ပြည်ပဆက်ဆံရေးနှင့် နိုင်ငံ၏အခွင့်အရေးများကိုလည်း နည်းအမျိုးမျိုးဖြင့်ပိတ်ပင်ဟန့်တားခြင်း၊ လျော့နည်း ဆုံးရှုံးစေခြင်း၊**

ဆိုတာတွေကိုတွေ့ရမှာဖြစ်ပြီး အစိုးရအပေါ်ဖြစ်ပေါ်လာစေတဲ့ အန္တရာယ်ပြုမှုတွေကတော့–

**(၁) တည်ဆဲအစိုးရ၏အာဏာကို ထိပါးခြင်း၊ ယိုယွင်းစေခြင်း၊ လျော့နည်းပျက်စီးစေခြင်း၊**

**(၂) တည်ဆဲအစိုးရ၏ အုပ်ချုပ်မှုကိစ္စရပ်များ ထိရောက်မှုမရှိစေရန် ဆောင်ရွက်ခြင်း၊ ကြိုးကိုင်ခြယ်လှယ်ခြင်း၊**

**(၃) တည်ဆဲအစိုးရအပေါ် ပြည်သူလူထုက ယုံကြည်မှုလျော့နည်းပျက်စီးရန် မတရားယိုးစွပ်ပြောဆိုရေးသား ထုတ်လွှင့်ခြင်း၊**

**(၄) တည်ဆဲအစိုးရပြုတ်ကျစေရေး မတရားနည်းလမ်းများ ကြံရွယ်လုပ်ဆောင်ခြင်း၊**

**(၅) တည်ဆဲအစိုးရကို ပုန်ကန်ခြင်း၊ လက်နက်ကိုင် ဆူပူသောင်းကျန်းခြင်းနှင့် အားပေးခြင်း၊**

**(၆) တည်ဆဲအစိုးရက ဥပဒေနှင့်အညီ တားမြစ်ခြင်းများကို ဖောက်ဖျက်ခြင်း၊**

**(၇) တည်ဆဲအစိုးရအပေါ် နည်းအမျိုးမျိုးဖြင့် ချုပ်ကိုင်ရန် ကြိုးစားအားထုတ်ခြင်း၊**

ဆိုတာတွေပဲ။ အဲဒီတော့ ဒီကနေ့မင်းတို့ရဲ့လုပ်ဆောင်ချက်တွေဟာ ဘယ်ပုံစံခွက်ထဲကအတိုင်း ဖြစ်နေတယ်၊ ဘယ်လို အသုံးချခံဖြစ်နေတယ်ဆိုတာကို နိုင်ငံရေးအမြင်ရှိတဲ့လူတိုင်းက သိနေတယ်ကွာ။ ဒီတော့ မင်းတို့ဘာလုပ်သင့်သလဲ?။ ။

## ခရေပင် စိုက်ပျိုး

နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော် ၂၀၀၇ခုနှစ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်တွင် ခရေပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

# နေပြည်တော် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်စိုက်ပျိုးပေး

နေပြည်တော် ဇွန် ၁၆

**၂၀၀၇ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင် စိုက်ပျိုးပွဲတော်ကို ယနေ့နံနက် ၇နာရီခွဲတွင် နေပြည်တော် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့်ဇနီး တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေဦး၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများနှင့်ဇနီးများ၊ တပ်ရင်း တပ်ဖွဲ့မှူးများနှင့် ဇနီးများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။**

ရှေးဦးစွာ နေပြည်တော် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးအောင်ဆွေဦးက ကျောင်းဝင်းအတွင်း သစ်ပင်များ စိုက်ပျိုးရန်အကွက်ချ နေရာချထားမှု အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့်ဇနီးတို့က ခရေပင်များကို စိုက်ပျိုးပေးကြပြီး တက်ရောက်လာသော ဧည့်သည်တော်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း အင်အား ၁၉၈၀တို့က သတ်မှတ်ထားသော နေရာများ၌ သစ်ပင်များကို တပျော်တပါး စိုက်ပျိုးပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့်ဇနီးတို့က ကျောင်းသား၊ ကျောင်းသူများ၊ တပ်မိသားစုဝင်များ၏ တပျော်တပါး သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။ဆက်လက်၍ တိုင်းမှူးနှင့် ဇနီးတို့သည် နေပြည်တော် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဝင်းအတွင်းရှိ စာသင်ခန်းများသို့ လှည့်လည် ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကိုမှာကြားဖြည့်ဆည်းပေးကာ ပြန်လည် ထွက်ခွာသွားကြသည်။

### ၂၇၀၀ ကျော် စိုက်ပျိုး

ယနေ့ကျင်းပသည့်သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် နှစ်ရှည်ပင်များဖြစ်သည့် ခရေ၊ ကုက္ကို၊ စိန်ပန်း၊ စွယ်တော်၊ မဲဇလီ၊ ကံ့ကော်၊ ဆီသပြေ၊ မန်ကျည်း၊ ပိတောက်၊ ရေတမာ၊ တမာ အစရှိသည့် အပင် ၂၇၀၀ကျော် စိုက်ပျိုးခဲ့ပြီး နေပြည်တော်တွင် ယခုမိုးရာသီ၌ အပတ်စဉ်စနေနေ့တိုင်း သစ်ပင်စိုက်ပျိုးနေ့အဖြစ် သတ်မှတ်၍ သစ်ပင်များ စိုက်ပျိုးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး**

**သစ်ပင်ကို နှစ်စဉ်စိုက်**

**ရွှေတိုက်ကို စိုး**

# ၂၀၀၇ ခုနှစ် ဇွန်လ ၂၆ ရက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊

## ကဗျာ၊ တေးသီချင်း၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲ ဆုရသူများစာရင်းထုတ်ပြန်

ရန်ကုန် ဇွန် ၁၆

**၂၀၀၇ခုနှစ် ဇွန် ၂၆ရက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်စာမူများနှင့် လက်ရာများကို အကဲဖြတ်ရွေးချယ်ရေးအဖွဲ့များက စိစစ်ရွေးချယ်ပြီး ဆုရရှိသူများစာရင်းကို ထုတ်ပြန်ကြေညာသည်။**

ဝတ္ထုတိုပြိုင်ပွဲတွင် သန်းသန်းနိုင်(ယဉ်ကျေးမှုတက္ကသိုလ်)၏ **"အဖြူရောင် မျှော်လင့်ချက်"**ဝတ္ထုတိုက ပထမ၊ ရွှေဝန်းရံ၏ **"သခင်များ၏ မနက်ဖြန်"**ဝတ္ထုတိုက ဒုတိယနှင့် ဂမုန်းပွင့်(မကွေး)၏ **"တောင်ပြိုလမ်း"**ဝတ္ထုတိုက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ရေတာရှည်မောင်ငြိမ်းငယ်၏ **"မအေးမြိုင်ကို ပြောလိုက်ပါ"**၊ မောင်ဆန္ဒ(လယ်ဝေး)၏ **"ကျွန်တော့်နာမည် တင်ကိုဝင်းပါ"**၊ မိုးထွဋ်ခေါင်၏ **"မိစ္ဆာဖမ်းပွဲ"**၊ နန္ဒာခင်(သက္ကလမြေ)၏ **"အနီရောင် မျက်ရည်စက်များ"**နှင့် ဗိုလ်လောင်း လွင်ဘိုဘိုအောင်(တပ်မတော်ဆေးတက္ကသိုလ်)၏ **"လောကဤမြေလှပါစေ"**တို့က အသီးသီးရရှိကြသည်။

ဆောင်းပါးပြိုင်ပွဲတွင် ဗိုလ်လောင်း လွင်ဘိုဘိုအောင်(တပ်မတော်ဆေးတက္ကသိုလ်)၏ **"မြန်မာ့တစ်ခွင် မူးယစ်ကင်းစင်အလှဆင်"**ဆောင်းပါးက ပထမဆု၊ သန်းသန်းနိုင်(ယဉ်ကျေးမှုတက္ကသိုလ်)၏ **"အမျိုးသားရေးအသိနှင့် ကာကွယ် မူးယစ်ဆေးဝါးအန္တရာယ်"**ဆောင်းပါးက ဒုတိယဆုနှင့် ခင်ဇော်(ဇီးကုန်း)၏ **"မူးယစ်ကင်းစင် ကမ္ဘာတွင် ပြည်ခွင်မြန်မာအလှဖြာ"**ဆောင်းပါးက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ရန်မင်းအောင်(လပွတ္တာ)၏ **"မူးယစ်ကင်းစင်ကျန်းမာမှ တန်ဖိုးရှိလှ လူငယ်ဘဝ"**၊ မမြတ်သီရိမောင်၏ **"အမှိုက်ကစ ပြာသာဒ်မီးလောင် မူးယစ်ဆေးကို ဝေးဝေးရှောင်"**မောင်မောင်ဝင့်ဝါ(မြန်မာ့အသံ)၏ **"ဘိန်းကင်းနိုင်ငံအဖြစ် ကြေညာပစ်မည့် မြန်မာ"**၊ မောင်ဆန္ဒ(လယ်ဝေး)၏ **"မူးယစ်ကင်းစင်ကျန်းမာမှ တန်ဖိုးရှိလှ လူငယ်ဘဝ"**နှင့် ဝတ်ရည်ခင်(ပဲခူး)၏ **"မူးယစ်ဆေးဝါးတိုက်ဖျက်ရေး နှင့် အမိမြန်မာနိုင်ငံတော်"**တို့က အသီးသီးရရှိကြသည်။

ကဗျာပြိုင်ပွဲတွင် ဦးအောင်တင်(စိန်ရည်လျှံ)၏ **"အလင်းတန်းဖွင့် အောင်ပွဲဆင့်စို့"**ကဗျာက ပထမဆု၊ သူဇာနွယ်(ဖျာပုံ)၏ **"မူးယစ်ကင်းစင်ကျန်းမာမှ တန်ဖိုးရှိလှ လူငယ်ဘဝ"**ကဗျာက ဒုတိယနှင့် ဦးပဏ္ဍိတာနန္ဒ(မြတ်ဘုန်း–တပ်ကုန်း)၏ **"မူးယစ်ကင်းပ တိမ်စင်လ လူငယ်ဘဝအစဉ်လှ"** ကဗျာက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် ဖေသိန်းမြင့်၏ **"မူးယစ်ကင်းစင် အလှဆင် ဘဝင်ချမ်းမြ မွေးပန်းလှသည့် ရွှေဥာဏ်"**၊ သင်းသင်းယု (တိုင်းရင်းဆေး)၏ **"မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်"**၊ မောင်မောင်မိုးအောင်၏ **"ဘုံရန်သူအမွေဆိုးပေမို့"**၊ အဖျောက်မြေ မောင်ဆွေမွန်၏ **"မူးယစ်ကင်းစင်ကျန်းမာမှ တန်ဖိုးရှိလှလူငယ်ဘဝ"**နှင့် မောင်သင်းပျံ့(ကျိုက်ထော်)၏ **"သမိုင်းတစ်ခေတ်ကဏ္ဍသစ်ချိန်"**တို့က အသီးသီးရရှိကြပါသည်။

တေးသီချင်းပြိုင်ပွဲတွင် စိုင်းဆန်းဝင်းဗိုလ်(လူကလေး)၏ **"မူးယစ်ဆေးကို ဝေးဝေးရှောင်"**တေးသီချင်းက ပထမဆု၊ နေမွန်ရွှေဝင်း၏ **"မူးယစ်ကင်းစင် ဒို့မြန်ပြေ(ပြည်)"** တေးသီချင်းက ဒုတိယဆုနှင့်ချစ်စမ်းမောင်(အသုတ်)၏ **"တိုက်ဖျက်မူးယစ် ရွှေပြည်သစ်"** တေးသီချင်းက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မိုးအောင်ဇင်(ဥပဒေ)၏ **"မူးယစ်ကင်းစင်ကျန်းမာမှ တန်ဖိုးရှိလှ လူငယ်ဘဝ"**၊ စိုးစိုး (မြန်မာစာ)၏ **"လူတိုင်းကိုယ်စီတာဝန်တည်"**၊ အေးမြတ်သူ(ယုဂ)၏ **" ပန်းတိုင်သစ်၏ အောင်မြင်ခြင်းအားမာန်"**၊ ခင်မြဆွေ၏ **"ပန်းတိုင်သစ်နဲ့ အားဖြည့်ချီ"** နှင့်ဇော်ဟိန်း(သစ္စာပန်း)၏ **"မူးယစ်ကင်းစင်ကျန်းမာမှ တန်ဖိုးရှိလှ ဒို့ဘဝ"** တို့က အသီးသီးရရှိကြသည်။

အသက်(၁၀)နှစ်အောက် ပန်းချီပြိုင်ပွဲတွင် မဖူးသဉ္ဇာနိုင် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းက ပထမဆု၊ မဆုထိပ်ထား အလက(၁)ဒဂုံက ဒုတိယဆုနှင့် မခင်ကြေးမုံဦး ရန်ကင်းပညာရေးကောလိပ်လေ့ကျင့်ရေးကျောင်းက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မဆုသက်ဘရဏီ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း၊ မောင်ဉာဏ်လင်းထက်နိုင် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း၊ မောင်အောင်သီ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း၊ မောင်သီဟသွေး အထက(၆)ဗိုလ်တထောင်နှင့် မဇာခြည်ကိုကိုနိုင် အထက(၁)ဒဂုံတို့က အသီးသီးရရှိကြသည်။

အသက်(၁၀–၁၅)နှစ်အောက်ပန်းချီပြိုင်ပွဲတွင်မအေးမြတ်သူ အထက(၂)လသာက ပထမဆု၊ မောင်စည်သူအောင် အထက(၅)တာမွေက ဒုတိယဆုနှင့် မနွေးရတနာထွန်း ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မပွင့်မြတ်သူ အထက(၂)လသာ၊ မခိုင်မေသူ ရန်ကင်းပညာရေးကောလိပ်လေ့ကျင့်ရေးကျောင်း၊ မောင်ကောင်းထက်ကျော် အထက(၅) တာမွေ၊ မဝိုင်းစန္ဒီထွန်းပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းနှင့် မောင်သက်ပိုင်စိုး အထက(၆) ပုသိမ်တို့က အသီးသီးရရှိကြသည်။

အသက်(၁၅–၂၀)နှစ်အောက် ပန်းချီပြိုင်ပွဲတွင် မောင်ဝင်းမြတ်သူ ဒဂုံတက္ကသိုလ်က ပထမဆု၊ မောင်မင်းဇော်ထူး အနောက်ပိုင်းတက္ကသိုလ်က ဒုတိယဆုနှင့် မမေအိမ်စည်ဦး ယဉ်ကျေးမှုတက္ကသိုလ်က တတိယဆုများရရှိကြပြီး၊ အထူးဆုများအဖြစ် မောင်အောင်ကျော်သူ ပုသိမ်တက္ကသိုလ်၊ မဇင်မာငြိမ်း ယဉ်ကျေးမှုတက္ကသိုလ်၊ မောင်သန်းထိုက်စိုး ကျိုက်လတ်၊ မောင်စည်သူစိုး အထက ဒိုက်ဦးနှင့် ရဲမြတ်အောင် နည်းပညာတက္ကသိုလ်တို့က အသီးသီးရရှိကြသည်။

အသက်(၂၀)အထက် ပန်းချီပြိုင်ပွဲတွင် ဦးအောင်မိုး (ရှမ်းလေးပန်းချီ)က ပထမဆု၊ ဦးမောင်မောင် (ကျောက်တန်း)က ဒုတိယဆုနှင့် ရဲထွဋ်အောင် (လောကနတ်ပန်းချီ)က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဦးကျော်ဆင့် (ကံ့ကော် ပန်းချီ)၊ မောင်မောင်ဝင်း(ပုသိမ်)၊ ဦးသာထို(ပုသိမ်)၊ မထွေးထွေးလှိုင် ဒဂုံတက္ကသိုလ်နှင့် မောင်ဝင်းဖြိုး ယဉ်ကျေးမှုတက္ကသိုလ်တို့က အသီးသီးရရှိကြသည်။

အသက်(၁၀)နှစ်အောက် ကာတွန်းပြိုင်ပွဲတွင် မမြင့်မြတ်သူ အမက(၂၀)ပုသိမ်က ပထမဆု၊ မောင်အောင်သီ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းက ဒုတိယဆုနှင့် မောင်သူရပိုင်စိုး အထက(၆)ပုသိမ်က တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မောင်ဘုန်းထက်အောင် အမက(၁)လသာ၊ မောင်သီဟသွေး အထက(၆)ဗိုလ်တထောင်၊ မခင်ကြေးမုံဦး ရန်ကင်းပညာရေး ကောလိပ်လေ့ကျင့်ရေးကျောင်း၊ မခင်ထက်ထက်ကျော် အမက(၂၃)စစ်တွေနှင့် မအေးမြတ်မော် အလက ကျောက်တန်းတို့က အသီးသီးရရှိကြသည်။

အသက်(၁၀–၁၅)နှစ်အောက် ကာတွန်းပြိုင်ပွဲတွင် မအေးမြတ်သူ အထက(၂)လသာက ပထမဆု၊ မောင်ရဲဇာနည်အောင် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းက ဒုတိယနှင့် မခိုင်မေသူ ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးကျောင်းက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မပွင့်မြတ်သူ အထက(၂)လသာ၊ မောင်သက်ပိုင်စိုး အထက(၆)ပုသိမ်၊ မနွေးရတနာထွန်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း၊ စိုင်းသီဟအောင် အမက(၂၉) တောင်ဥက္ကလာနှင့် မစိမ့်သဉ္ဇာညွန့် အထက(၁)ဒဂုံတို့က အသီးသီးရရှိကြသည်။

အသက်(၁၅–၂၀)နှစ်အောက် ကာတွန်းပြိုင်ပွဲတွင် မောင်အောင်ကျော်သူ ပုသိမ်တက္ကသိုလ်က ပထမဆု၊ မောင်ဟိန်းပိုင်ထူးချစ် အထက(၉)မော်လမြိုင်က ဒုတိယဆုနှင့် မောင်ငြိမ်းကိုကို အထက(၁)စစ်ကိုင်းက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်ဗဟိန်း ပုသိမ်တက္ကသိုလ်၊ မနှင်းဝေဝေအောင် အထက သုဝဏ္ဏ၊ မနိုနိုထူး အထက(၃)မြောက်ဥက္ကလာ၊ မောင်ဝင်းမြတ်သူ ဒဂုံတက္ကသိုလ်နှင့် မောင်ကျော်ဝင်းသူ အထက ပန်းတောင်းတို့က အသီးသီးရရှိကြသည်။

အသက်(၂၀)နှစ်အထက် ကာတွန်းပြိုင်ပွဲတွင် ကာတွန်းသီတာမြင့်က ပထမဆု၊ ကာတွန်းသိန်းထွန်းက ဒုတိယဆုနှင့် ဦးမောင်မောင်(ကျောက်တန်း)က တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် ရဲထွဋ်အောင်(လောကနတ်)၊ ကာတွန်း ရွှေကိုဦး၊ ကာတွန်းငွေးအောင်၊ ဦးအောင်မိုး(ရှမ်းလေးပန်းချီ)နှင့် ကာတွန်း နီလာမြင့်တို့က အသီးသီးရရှိကြသည်။

အသက်(၁၀)နှစ်အောက် ပိုစတာပြိုင်ပွဲတွင် မဖူးသဉ္ဇာနိုင် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းက ပထမဆု၊ မောင်အောင်သီ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းက ဒုတိယဆုနှင့် မောင်သူရပိုင်စိုး အထက(၆)ပုသိမ်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မခင်ကြေးမုံဦး ရန်ကင်းပညာရေးကောလိပ်လေ့ကျင့်ရေးကျောင်း၊ မဆုထိပ်ထားအလက(၁)ဒဂုံ၊မောင်သီဟသွေး အထက(၆)ဗိုလ်တထောင်၊ မအေးမြတ်မော် အလက(ကျောက်တန်း)နှင့် မောင်ပြည့်ဖြိုးထွန်း အထက(၂)ကျောက်တန်းတို့က အသီးသီးရရှိကြသည်။

အသက်(၁၀–၁၅)နှစ်အောက် ပိုစတာပြိုင်ပွဲတွင် မောင်စည်သူအောင် အထက(၅)တာမွေက ပထမဆု၊ မောင်အောင်သူရ အထက(၁)မန္တလေးက ဒုတိယဆုနှင့် မအေးမြတ်သူ အထက(၂)လသာက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မနွေးရတနာထွန်း ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း၊ မပွင့်မြတ်သူ အထက(၂)လသာ၊ မောင်ချမ်းထိုက် အထက(၂)ပုသိမ်၊ မောင်ကောင်းထက်ကျော် အထက(၅)တာမွေနှင့် မောင်ဟိန်းဝဏ္ဏ အထက(၃)ကြည့်မြင်တိုင်တို့က အသီးသီးရရှိကြသည်။

အသက်(၁၅–၂၀)နှစ်အောက် ပိုစတာပြိုင်ပွဲတွင် မောင်ရဲမြတ်အောင် နည်းပညာတက္ကသိုလ်က ပထမဆု၊ မဇင်မာငြိမ်း ယဉ်ကျေးမှုတက္ကသိုလ်က ဒုတိယဆုနှင့် မောင်အောင်ကျော်သူ ပုသိမ်တက္ကသိုလ်က တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မောင်ဝင်းမြတ်သူ ဒဂုံတက္ကသိုလ်၊ မောင်ဝေမင်းသူ အထကသဲကုန်း၊ မောင်သျှိုင်းထက်အောင် အထကပေါက်ခေါင်း၊ မောင်စိုင်းကောင်းသူရ အထက(၁)တောင်ကြီးနှင့် မမေအိမ်စည်ဦး ယဉ်ကျေးမှုတက္ကသိုလ်တို့က အသီးသီးရရှိကြသည်။

အသက်(၂၀)နှစ်အထက် ပိုစတာပြိုင်ပွဲတွင် ဦးအောင်မိုး(ရှမ်းလေးပန်းချီ)က ပထမဆု၊ ရဲထွဋ်အောင် (လောကနတ်ပန်းချီ)က ဒုတိယဆုနှင့် ဒေါ်ဝင်းဝင်း ပဲခူးက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဦးငွေးအောင်(ကာတွန်းငွေးအောင်)၊ ကိုကျော်ဆင့်(ကံ့ကော်ပန်းချီ)၊ မောင်ဇော်ထက်(သန်လျင်)၊ ဦးမောင်မောင် (ကျောက်တန်း)နှင့် ဦးကံသိန်း(ပုသိမ်)တို့က အသီးသီးရရှိကြသည်။

ကွန်ပျူတာပန်းချီအခြေခံပညာ အလယ်တန်းအဆင့်ပြိုင်ပွဲတွင် မသက်ပုံချစ် အလက(၁)ပုသိမ်က ပထမဆု၊ မဖြိုးအိဇင် အထက(၁)တာမွေက ဒုတိယဆုနှင့် မရတနာဆုရှင် အထက(၃)ပဲခူးက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မနှင်းအိမ်ယွန်း အလက(၁)ပုသိမ်၊ မဝေဇင်ဦး အထက(၈)မော်လမြိုင်၊ မနေခြည်သန်းဝင်း အလက(၄)မကွေး၊ မောင်ကောင်းထွဋ်စံ အလက(၄)မြစ်ကြီးနားနှင့် မမေဇင်အောင် အထက(၁)လမ်းမတော်တို့က အသီးသီးရရှိကြသည်။

ကွန်ပျူတာပန်းချီအခြေခံပညာအထက်တန်းအဆင့်ပြိုင်ပွဲတွင် မောင်အောင်ပိုင်စိုး အထက (၃)ပဲခူးက ပထမဆု၊ မောင်သက်ပိုင်စိုး အထက(၆)ပုသိမ်က ဒုတိယဆုနှင့် မောင်ကျော်ထက်နောင် အထက(၁)ဒဂုံက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မခွန်းသံသာထွဋ် အလက(၃)လားရှိုး၊မောင်သူရပိုင်စိုး အထက(၆)ပုသိမ်၊ မောင်စိုးကျော်လွင် ရခိုင်ပြည်နယ်၊ မောင်နိုင်လင်းအောင် အထက(၉)မော်လမြိုင်နှင့် မဖြိုးသဉ္ဇာအောင် အထက(၁)ပန်းဘဲတန်းတို့က အသီးသီးရရှိကြသည်။

ကွန်ပျူတာဒစ်ဂျစ်တယ် ပိုစတာအလွတ်တန်းပြိုင်ပွဲတွင် မောင်ဂျက်ဖရီတင် ကွန်ပျူတာတက္ကသိုလ်က ပထမဆု၊ မသူဇာမို့မို့လွင်က ဒုတိယဆုနှင့် မဝေဝေဟန်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဦးမောင်ဦး ပန်းချီပန်းပုကျောင်း(ရန်ကုန်)၊စိုင်းရစ်ချတ်ဂူးဘရိုင်း(ပုသိမ်)၊ ဦးမောင်မောင်ဇော်ဝင်း(တောင်ကြီး)၊ မောင်မင်းထက်ကျော် ဒဂုံတက္ကသိုလ်နှင့် မနှင်းမြတ်ထွေး မင်္ဂလာဒုံမြို့နယ်တို့က အသီးသီးရရှိကြသည်။

ဓာတ်ပုံအလွတ်တန်းပြိုင်ပွဲတွင် ဦးသောင်းဝင်းဗိုလ် ဗိုလ်တထောင်မြို့နယ်က ပထမဆု၊ အောင်ကျော်ထွန်း ပုသိမ်ကြီးက ဒုတိယဆုနှင့် အောင်ပြည့်စုံက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဦးသောင်းဝင်းဗိုလ် ဗိုလ်တထောင်မြို့နယ်၊ အေးကေမိုး (သတ္တဗေဒ)၊ ယူနက်စ်ကိုထွန်းအောင်ကျော်(၂)ဆုနှင့် မောင်မောင်မြင့်စိန်တို့က အသီးသီးရရှိကြသည်။

ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကိုသာ ၂၀၀၇ခုနှစ် ဇွန် ၂၆ ရက်တွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ဆုများချီးမြှင့်ပြီး ကျန်အထူးဆုရရှိသူများအား သက်ဆိုင်ရာ ပြည်နယ်/တိုင်း မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များမှတစ်ဆင့် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ပုဇွန်တောင်မြို့နယ် (၄၉)လမ်းနေ ဖခင် ဦးတင်လှ (ခေါ်) ဦးတိတ်ဟုန်းအားရည်စူး၍ မိခင် ဒေါ်ရှုအင်၊ သား–ဦးကျော်ထွန်း(ကြည်နီဆန်ပွဲရုံ) ဘုရင့်နောင် မိသားစုက ငွေကျပ် ၂၀၀၀၀၀ ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးလှိုင်၊ ဦးဘချိုတို့ လက်ခံရယူကြစဉ်။** (က–ပ)

**ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်ကြီး၏ မဟာရံတံတိုင်းဆောက်လုပ်ပြုပြင်ရန်အတွက် ကွယ်လွန်သူမိဘများဖြစ်ကြသော ဦးစိန်ဖေ–ဒေါ်တင်မြနှင့် မောင်ဇော်လင်းတို့အားရည်စူး၍ ဦးမျိုးကြည်– ဒေါ်မြမြခိုင်မိသားစု၊ ဦးတင်ဦး–ဒေါ်သန်းသန်းအေးမိသားစုတို့က မဟာရံတံတိုင်းနှစ်ခန်းအတွက် အလှူငွေကျပ် ၆၀၀၀၀၀ကို နာယက ဆရာတော် မိုးညှင်းအရှင်ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။** (ကြေးမုံ)

## ရန်ကုန်တိုင်းစာရင်းရုံး ပညာသင်ထောက်ပံ့ငွေ ပေးအပ်

**ရန်ကုန် ဇွန် ၁၆**

ရန်ကုန်တိုင်း စာရင်းရုံးရှိ ဝန်ထမ်းသားသမီး ၁၄၂ ဦးအတွက် ၂၀၀၇–၂၀၀၈ ခုနှစ် ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၁၇၃သောင်း ၆၂သိန်း ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၅ ရက် မွန်းလွဲ၂နာရီက ရန်ကုန်တိုင်း စာရင်းရုံး ညွှန်ကြားရေးမှူးရုံးခန်းတွင် ကျင်းပရာ ညွှန်ကြားရေးမှူး ဦးသိန်းနှင့် ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ တက်ရောက်ကြောင်း သတင်းရရှိသည်။ **(က–ပ)**

**✱ အမေရိကန်မှ**

လူကုန်ကူးခံရသူများအတွက် ယာယီ အမိုးအကာများကို အသက်မွေးဝမ်းကျောင်းပညာသင်တန်းကျောင်း ရှစ်ကျောင်းတွင် စီစဉ်ပေးထားကြောင်း၊ လူကုန်ကူးခံရသူများသည် လူကုန်ကူးသူများကို တရားဥပဒေအရ တရားစွဲဆိုပိုင်ခွင့်ရှိကြောင်း၊ လူကုန်ကူးခံရသူများကို မိသားစုနှင့် ပြန်လည်ပေါင်းစည်းပေးရာတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းအနည်းငယ်သို့ အကြောင်းကြားကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

အစိုးရအနေဖြင့် ရှုပ်ထွေးသိမ်မွေ့သော လူကုန်ကူးမှုပြဿနာကို အစွမ်းကုန် တိုက်ဖျက်နေသော်လည်း ကြိုတင်ကာကွယ်မှုအပိုင်းတွင် လူကုန်ကူးမှုပြဿနာကို ကာကွယ်တားဆီးရန် ကြိုးပမ်းမှုအနည်းငယ်မျှသာ တိုးတက်သည်ဟု ဖော်ပြထားသည်။ အစီရင်ခံစာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် လူကုန်ကူးမှုအန္တရာယ်နှင့်ပတ်သက်၍ ပညာပေးအစီအစဉ် ၈၀၀၀ ခန့်ကို နိုင်ငံအနှံ့အပြားတွင် ပြုလုပ်ခဲ့ကြောင်း၊ အစိုးရအနေဖြင့် လူကုန်ကူးမှုတားဆီးရေးဆိုင်ရာ စာစောင်များဖြန့်ဝေခြင်း၊ သတင်းဆောင်းပါးများ ထုတ်ဝေခြင်း၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့မှလည်း လူကုန်ကူးမှုဆိုင်ရာ ဇာတ်လမ်းများ တင်ဆက်လျက်ရှိခြင်းတို့ကို အသိအမှတ်ပြု ဖော်ပြထားသည်။

အမှန်စင်စစ် မြန်မာနိုင်ငံအစိုးရအနေဖြင့် လူကုန်ကူးမှုအန္တရာယ်ကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် သက်ဆိုင်သော အဖွဲ့အစည်းပုဂ္ဂိုလ်များအားလုံးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အစီရင်ခံစာ၌ ယင်းကြိုးပမ်းမှုများကို အသိအမှတ်ပြု ဖော်ပြထားသော်လည်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများကို မျက်ကွယ်ပြုကာ ယခုနှစ်တွင်လည်း အဆင့်(၃)တွင်ပင် သတ်မှတ်ထားသည်ကို တွေ့ရသည်။

ထို့ကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန၏ အစီရင်ခံစာတွင် နိုင်ငံခွဲခြားသတ်မှတ်ရာ၌ မြန်မာနိုင်ငံကို အဆင့် ၃ တွင် ထည့်သွင်းထားခြင်းကို လုံးဝပယ်ချလိုက်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**ရက်စွဲ၊ ၂၀၀၇ ခုနှစ်၊ ဇွန် ၁၆ ရက်** **နေပြည်တော်**

---

**❀ စီမံကိန်းများမှ**

လုံခြုံရေး၊ ဘေးအန္တရာယ် မဖြစ်စေရေးတို့ကို အထူးဂရုစိုက်ရန်၊ ရတ်တရက် ရေကြီးမှု၊ ရေလွှမ်းမှုများအတွက် ကြိုတင်ကာကွယ်ရေးကိစ္စများ ကြိုတင်စီမံထားရှိရန် အသေးစိတ်မှာကြားသည်။

ဖြူးချောင်း ရေအားလျှပ်စစ်စီမံကိန်းသည် စီမံကိန်းပြီးစီးပါက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၀ ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းဖြစ်ကြောင်း သိရှိရသည်။

**ဖြည့်စွက်ဆွေးနွေးမှာကြား**

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဖြူးမြို့အနောက်တောင်ဘက် ကိုးမိုင်ခန့်အကွာ ကွန်းချောင်းပေါ်တွင် တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသော ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ဇွန် ၁၅ ရက် နံနက်ပိုင်းတွင် ရောက်ရှိပြီး ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်တွင် ဝန်ကြီးအား ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းဟန်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးလွင်တို့က စီမံကိန်းတစ်ခုလုံး၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ လုပ်ငန်းတစ်ခုချင်းအလိုက် ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် လုပ်ငန်းလျာထား သတ်မှတ်ချက်တို့ကို ဗွီဒီယိုဆလိုက်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ဖိအားနိမ့်သံမဏိပိုက်လိုင်း တပ်ဆင်သည့်လုပ်ငန်းသို့ ကြည့်ရှုစစ်ဆေးသည်။ ဖိအားနိမ့်သံမဏိပိုက်လိုင်း တပ်ဆင်ခြင်းလုပ်ငန်းမှာ ၆၉ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ဆက်လက်၍ ဝန်ကြီးသည် ၇၈ ရာခိုင်နှုန်း ပြီးစီးနေသည့် ပင်မတမံတွင် မြေကြီးကျောက်သားဖို့ခြင်းလုပ်ငန်း ၆၂ရာခိုင်နှုန်း ပြီးစီးမှုနှင့် ရေယူအဆောက်အအုံ တည်ဆောက်ခြင်း လုပ်ငန်းတို့ကို လည်းကောင်း၊ ရေထိန်းမျှော်စင်နှင့် ၇၁ ရာခိုင်နှုန်း ပြီးစီးနေသော ရေပိုလွှဲလုပ်ငန်းတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းအလိုက် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ချဉ်းကပ်ဥမင်လိုဏ်ဂူ အမှတ် (၁)မှတစ်ဆင့် ဥမင်လိုဏ်ဂူတူးဖော်ပြီးစီးမှု၊ ဖိအားမြင့်ဥမင်လိုဏ်ဂူ တူးဖော်ပြီးစီးမှုနှင့် ဥမင်လိုဏ်ဂူခိုင်ခံ့ရေးအတွက် ကွန်ကရစ်လိုင်နာ တပ်ဆင်မှုတ်သွင်းခြင်းလုပ်ငန်းတို့ကို ဝင်ရောက်ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားဖြည့်ဆည်းပေးသည်။

ကွန်းချောင်းရေအားလျှပ်စစ် စီမံကိန်းသည် ၅၇ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်၍ စီမံကိန်းပြီးစီးပါက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀ ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ဝန်ကြီးသည် စီမံကိန်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးရာ၌ စီမံကိန်းအသီးသီးမှ တာဝန်ရှိသူများအား စီမံကိန်းများကို သတ်မှတ်ကာလထက်စော၍ ပြီးစီးအောင် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရေး၊ သဘာဝပတ်ဝန်းကျင်မထိခိုက်အောင် ဂရုစိုက်လုပ်ကိုင်ကြရေး၊ မိုးရာသီတွင် သဘာဝဘေးအန္တရာယ်ကို ကာကွယ်နိုင်ရန် ကြိုတင်စီစဉ်ထားရှိရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# နယ်စပ်/ စည်ပင် ဝန်ထမ်းမိသားစုများ တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်း

**ရန်ကုန် ဇွန် ၁၆**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဇနီး ဒေါ်ကျင်ခိုင်တို့အား အမှူးထား၍ ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ စာသင်သံဃာတော်များအား တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် မိုးကုတ်ဆွမ်းစား ကျောင်းဆောင်၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်နှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) နာယကချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝဏ္ဏိတထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်က တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းခြင်းအတွက် အလှူငွေကျပ် ၂၅၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဇော်ဝင်းက လက်ခံယူသည်။ ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

# ပြွန်တန်ဆာမြို့နယ်အသင်း( ရန်ကုန် ) စာအုပ်၊ ခဲတံနှင့် အလှူငွေ ပေးအပ်လှူဒါန်း

**ရန်ကုန် ဇွန် ၁၆**

ပဲခူးတိုင်း ပြွန်တန်ဆာမြို့နယ်အသင်း(ရန်ကုန်)၏ (၆)ကြိမ်မြောက် ကျောင်းသုံး ဗလာစာအုပ်၊ ခဲတံနှင့် အလှူငွေ ပေးအပ်လှူဒါန်းပွဲကို ဇွန် ၅ ရက်တွင် ပြွန်တန်ဆာမြို့ အခြေခံပညာ အလယ်တန်းကျောင်း ဘိုးရာဇာခန်းမ၌ ကျင်းပရာ ပြွန်တန်ဆာမြို့နှင့်အနီးပတ်ဝန်းကျင်ရှိ အခြေခံပညာအထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့် သီလရှင်စာသင်တိုက်များသို့ ငွေကျပ်နှစ်ဆယ့်တစ်သိန်းလေးထောင့်ရှစ်ရာ ကောဖိုးရှိ ကျောင်းသုံး ဗလာစာအုပ် ဒါဇင် ၁၆၀၀၊ ခဲတံဒါဇင် ၁၁၀၀ နှင့် ကျောင်းစရိတ် မတတ်နိုင်သော ကလေးများအတွက် ပညာရေးရန်ပုံငွေသို့ အလှူငွေကျပ် သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**(အပေါ်ပုံ)** (သတင်းစဉ်)

**● NLD မှ**

ဆိပ်ကြီးခနောင်တို မြို့နယ်နှင့် အိမ်မဲမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲတို့သို့ ပေးပို့သော နုတ်ထွက်လွှာများတွင် NLD ပါတီအနေဖြင့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများနှင့် ပူးပေါင်း၍ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည့်အပြင် နိုင်ငံတော်အစိုးရ၏ တိုင်းကျိုးပြည်ပြု လုပ်ဆောင်ချက်များကို လျစ်လျူရှုကာ တိုင်းပြည်နှင့် လူမျိုး သူ့ကျွန်ဘဝရောက်အောင် ရှေးရှုလုပ်ဆောင်လျက်ရှိသဖြင့် ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

# မုံရွာ အပျော်တမ်း ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၁၆**

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် မုံရွာဂေါက်ကလပ်ကကြီးမှူး၍ International Beverages Trading Co., Ltd. က အဓိက ပံ့ပိုးသော Monywa Amateur Open ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇွန် ၃၀ ရက်နှင့် ဇူလိုင် ၁ ရက်တို့တွင် မုံရွာမြို့ မုံရွာ ဂေါက်ကလပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်လျက်ရှိသည်။

ပြိုင်ပွဲကို အတန်း သုံးတန်းခွဲ၍ ရွှေအဆင့်၊ ငွေအဆင့်နှင့် ကြေးအဆင့်ဟူ၍ ခွဲခြားကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အပျော်တမ်းဂေါက်သီးရိုက် အားကစားသမားများသည် ဇွန် ၂၈ ရက် နောက်ဆုံးထား၍ ဦးထွန်းရှင်(အတွင်းရေးမှူး) ဖုန်း–၀၉–၂၁၃၀၄၀၁၊ ဗိုလ်မှူးမျိုးဟန်ချင်း ဖုန်း–၀၉–၂၁၃၀၃၄၅၊ မုံရွာ ဂေါက်ကလပ် ဖုန်း–၀၇၁–၂၁၅၅၀ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာ စေတီတော်ကြီးအတွက် ဒဂုံမြို့သစ်(မြောက်ပိုင်း) (၅၀)ရပ်ကွက် ဒူးယား(၄)လမ်းနေ ဒေါ်ရင်လှ၏ (၆၇)နှစ်မြောက် မွေးနေ့အလှူအဖြစ် ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဓမ္မဇောတိ ဝိပဿနာရိပ်သာမှ ဒုတိယဥက္ကဋ္ဌ ဒေါ်စိန်စိန် လက်ခံယူစဉ်။** (က–ပ)

# မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်

**၂၀၀၇ခုနှစ် ဇွန်လ ၁၆ ရက်နေ့ မွန်းလွဲ ၂ နာရီအချိန် ထုတ်ပြန်ချက်**

**ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄နာရီ အတွင်းက ဧရာဝတီတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့ပါသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော်တွင် ၀ဒသမ၂၀လက်မ၊ ဂွမြို့တွင် ၃ဒသမ၃၉ လက်မ၊ မိုးကုတ်မြို့တွင် ၃ဒသမ၀၃လက်မ၊ ကျောက်ဖြူမြို့တွင် ၂ဒသမ၉၉ လက်မ၊ မြစ်ကြီးနားမြို့တွင် ၂ဒသမ၆၈လက်မ၊ အမ်းမြို့တွင် ၂ဒသမ၃၂လက်မ၊ မော်လိုက်မြို့တွင် ၂ဒသမ၀၅လက်မနှင့် တောင်တွင်းကြီးမြို့တွင် ၀ဒသမ ၂၄ လက်မတို့ ဖြစ်ကြပါသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

**<u>၂၀၀၇ ခုနှစ် ဇွန်လ ၁၇ ရက် ညနေထိ ခန့်မှန်းချက်</u>**

ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအသင့်အတင့် ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မုတ်သုံလေ အားအသင့်အတင့် ရှိမည်။

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**<u>၁၇–၆–၂၀၀၇ (တနင်္ဂနွေနေ့)</u>**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | "သမ္ဗုဒ္ဓတရားလက်ကိုင်ထားလို့ လွတ်အောင်ကြိုးစားကြ" တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ) |
| ၈:၀၀ | Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို(စက်မှုတက္ကသိုလ်)] |
| ၉:၀၀ | တေးဂီတအစီအစဉ် |
| ၉:၀၅ | အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း" |
| ၉:၃၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၅၀ | နိုင်ငံတကာအနုပညာရေးရာ |
| ၁၀:၂၀ | တေးဂီတအစီအစဉ် |
| ၁၀:၂၅ | နည်းစနစ်မှန်မှန်ကော်ဖီစိုက်ပျိုးရန် |
| ၁၀:၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၅၀ | EURO GOALS |
| ၁၁:၂၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၁:၂၅ | ထန်းပင်မှဖြစ်သည့်အနုပညာ (ထန်းပန်းချီ) |
| ၁၁:၃၅ | တေးဂီတအစီအစဉ် |
| ၁၁:၄၀ | ပေါ့ပေါ့ပါးပါးဂေါက်သီး အားကစား(အခြေခံ) (လက်ကိုင်ပုံနည်းစနစ်နှင့် လွှဲချက်တစ်ဝက်ဖြင့် စတင်ခြင်း၊ ဂရင်းပေါ်သို့ အနိမ့်ပစ်တင်ခြင်း) |
| ၁၁:၅၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၂:၀၅ | တေးဂီတအစီအစဉ် |
| ၁၂:၁၀ | ရိုးမနှင့်ပင်လယ်ကြား အလှများကြွယ်တဲ့ "တောင်ကုတ်နယ်" |
| ၁၂:၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂:၂၅ | နာမကျန်းသူတွေအတွက် မှီခိုအားထားရာမေတ္တာရိပ်၏ စေတနာ |
| ၁၂:၅၅ | တေးဂီတအစီအစဉ် |
| ၁၂:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တာနာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အားကစားအဖွဲ့များအား ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် ကြည့်ရှုစစ်ဆေးအားပေး

ရန်ကုန် ဇွန် ၁၆

**မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူ ရအေးမြင့်သည် ယနေ့ နံနက် ၈နာရီက ဒဂုံမြို့သစ်(မြောက်ပိုင်း) မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ် လေ့ကျင့်ရေး ကွင်းသို့ ရောက်ရှိလာရာ မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ် ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်မိုးဝင်းက ၂၀၀၇ခုနှစ် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန်အတွက် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် မြန်မာ့လက်ရွေးစင် ပဏာမ သေနတ်ပစ်အားကစားသမားများ၏ တစ်ဦးချင်းလေ့ကျင့်မှုအခြေအနေ၊ လေ့ကျင့်ရေး အထောက်အကူပြု ပစ္စည်းများရရှိ စုဆောင်းမှု အခြေအနေကိုလည်းကောင်း၊ မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ရဲမှူးချုပ်သန်းဟန်က မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ်၏ အုပ်ချုပ်မှုပိုင်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့် ဆည်းဆောင်ရွက်ပေးသည်။**

ဆက်လက်၍ ဝန်ကြီးသည် မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ် လေ့ကျင့်ရေး ကွင်းတွင် ပဏာမမြန်မာ့လက်ရွေးစင် သေနတ်ပစ်အားကစားသမားများ၏ လေ့ကျင့်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပဏာမမြန်မာ့လက်ရွေးစင် အားကစားသမားများအား (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် စိတ်ဓာတ်ကြံ့ခိုင်မှု၊ စည်းကမ်းလိုက်နာမှုနှင့် လေ့ကျင့်မှု အပြည့်အဝဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ နိုင်ငံတကာအဆင့်မီရေကူး ကန်သို့ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် ဒဂုံမြို့သစ်(မြောက်ပိုင်း) မိုးလုံလေလုံ အားကစားရုံရှိ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်လေ့ကျင့်ရေးစခန်း၌ စခန်းသွင်း လေ့ကျင့်လျက်ရှိသည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ပဏာမမြန်မာ့လက်ရွေးစင် သိုင်း အားကစားသမားများအား နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် ရည်မှန်းချက်မြင့်မားစွာထားရှိ၍ ပြင်းပြင်းထန်ထန်လေ့ကျင့်ရန် မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များ အပေါ် လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်သည် စမ်းချောင်းမြို့နယ် ပဒုမ္မာ အားကစားကွင်းရှိ မြန်မာနိုင်ငံဂူရှူးအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမသို့ ရောက်ရှိပြီး (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် ပဏာမမြန်မာ့လက်ရွေးစင် ဂူရှူး အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် အစွမ်းကုန်လေ့ကျင့်ဆောင်ရွက်ရန် မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် ဦးဝိစာရလမ်းရှိ အမျိုးသား ရေကူးကန်ဝင်း အတွင်းရှိ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမဆောင်သို့ ရောက်ရှိလာပြီး (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် စခန်းသွင်း လေ့ကျင့်လျက်ရှိသည့် ပဏာမမြန်မာ့လက်ရွေးစင် ဂျူဒိုအားကစား သမားများအား တွေ့ဆုံအားပေးပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် ရည်မှန်းချက် များထားရှိကာ အစွမ်းကုန်လေ့ကျင့်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် အမျိုးသားရေကူးကန်ဝင်းအတွင်းရှိ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမဆောင်၌ မြန်မာနိုင်ငံ စားပွဲတင် တင်းနစ်အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပလျက်ရှိသည့် ၂၀၀၇ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ဝင်ရောက်ကြည့်ရှုအားပေးကာ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် အနိုင်ရရှိသည့် အားကစားသမားအား ဆုများ ပေးအပ်ချီးမြှင့် ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာလိဂ်အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပွဲစတင်

## စီးပွား/ကူးသန်းအနိုင်ရ ပြည်ထဲရေးနှင့် ရွှိုင်ရယ်အလဲဗင်းသရေကျ

**ရန်ကုန် ဇွန် ၁၆**

၂၀၀၇–၂၀၀၈ ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီက အောင်ဆန်းကွင်းနှင့် သုဝဏ္ဏကွင်းတို့တွင် စတင်ကျင်းပရာ စီးပွား/ကူးသန်းအသင်း အနိုင်ရရှိသွားပြီး ပြည်ထဲရေးအသင်းနှင့် Royal Eleven အသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျသွားသည်။

**(အောင်ဆန်းကွင်း)**

**စီးပွား/ကူးသန်း တစ်ဂိုး။**

(အောင်မျိုးသန့်–ပယ်နယ်တီ)

**ဆောက်လုပ်ရေး ဂိုးမရှိ။**

**ဒိုင်လူကြီး ဦးလှတင့်။**

လက်ရှိချန်ပီယံ စီးပွား/ကူးသန်း အသင်းမှာ ချန်ပီယံ ခြေစွမ်း ထုတ်မပြနိုင်ခဲ့ဘဲ ပွဲဦးထွက် သုံးမှတ်အပြည့် ရရှိရန် ခက်ခက်ခဲခဲ ကြိုးစားကစား ခဲ့ရသည်။ လူစုံနီးပါး ပါဝင်လာသည့် ဆောက်လုပ်ရေး အသင်းမှာ ရာသီ သစ်တွင် မျက်နှာပန်းလှရေး ကြိုးစားခဲ့သော်လည်း ပယ်နယ်တီဂိုးဖြင့် ရှုံးခဲ့ရသည်။

စီးပွား/ကူးသန်း အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပထမပိုင်း ပြီးခါနီးတွင် အောင်မျိုးသန့်က ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့ခြင်း ဖြစ်သည်။

**(သုဝဏ္ဏကွင်း)**

ပြည်ထဲရေး တစ်ဂိုး။

**(စည်သူဝင်း)**

Royal Eleven တစ်ဂိုး။

**(အောင်မြင့်သိန်း)**

**ဆောက်လုပ်ရေးမှ လာကျဲအိုလွယ် ခေါင်းတိုက်ဂိုးသွင်းရန်ကြိုးပမ်းမှုကို စီးပွား/ကူးသန်းမှ ဇော်လင်းထွန်း ဖျက်ထုတ်ရန် ကြိုးစားစဉ်။** (ကြေးမုံ)

**၁၈–၆–၂၀၀၇** (ညနေ ၄ နာရီ)

**(အောင်ဆန်းကွင်း) –** ဘဏ္ဍာ/အခွန်နှင့် ကာကွယ်ရေး။

**(သုဝဏ္ဏကွင်း) –** စွမ်းအင်နှင့် ကမ္ဘောဇ။

(ကြေးမုံ)

**အားကစား**

**မြှင့်တင်**

**စိတ်လန်းရွှင်**

**ဆန့်ကျင်**

**မူးယစ်ဆေး**

**မြန်မာနိုင်ငံ တောင်တန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့ စတုပစ္စယ ငွေပဒေသာပင်အတွက် တောင်ဥက္ကလာပမြို့နယ်(၆)ရပ်ကွက် အင်း၀ ၁၉လမ်းနေ ဦးထွန်းအောင်မြင့်–ဒေါ်တင်တင်ဝေ မိသားစုက အလှူငွေကျပ်တစ်သိန်းကို အဏ္ဏဝါ မြွှာရုံ ၁၄/ခ ကြားတောရလမ်း ဗဟန်းတွင် ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ အဏ္ဏဝါ ဦးသန်းအောင် လက်ခံယူစဉ်။** (က–ပ)

**လမ်းမတော်မြို့နယ် ၁၃ လမ်းနေ အဘွား ဒေါ်အေးအား အမှူးထား၍ (ဦးစိန်သန်း)၊ ဒေါ်ကျင်အေး၊ ဒေါက်တာစန်းစန်းဦး၊ ဒေါက်တာမောင်မောင်ဦး၊ ဒေါက်တာစန်းစန်းဝေ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ အလှူငွေကျပ် ၂၅၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့–အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။** (ကြေးမုံ)

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## အင်တာနက်အားကစားသတင်းများ

### ဘရာဇီးဘောလုံးသမား ကာကာကို အေစီမီလန်ရောင်းမည်မဟုတ်

**မီလန် ဇွန် ၁၆**

အေစီမီလန်အသင်းသည် ဘရာဇီးဘောလုံးသမား ကာကာ**(အောက်ပုံ)**ကို ရောင်းချမည်မဟုတ်ကြောင်း ယင်းအသင်း၏ဒုတိယဥက္ကဋ္ဌ အက်ဒရီယာနို ဂယ်လီယာနီက ယနေ့ပြောကြားသည်။ ဘရာဇီးဘောလုံးသမား ကာကာ၏ ဖခင်သည် ရီးယဲလ်မဒရစ်အသင်းနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်ဟု မိမိတို့သိရှိကြောင်း၊ စပိန်ထိပ်တန်းဘောလုံးအသင်းများသည် အီတလီဘောလုံးအသင်းများထက် ဘောလုံးသမားများကို ငွေကြေးပိုမိုပေးကာ ဝယ်ယူနိုင်ကြောင်း ဂယ်လီယာနီက ပြောကြားသည်။

ကာကာသည် ကမ္ဘာပေါ်တွင် အတော်ဆုံး ဘောလုံးသမားများထဲတွင် ပါဝင်သည်။ ကာကာ၏ စွမ်းဆောင်ချက်ဖြင့် အေစီမီလန်အသင်းသည် လွန်ခဲ့သည့်ဘောလုံးရာသီတွင် သတ္တမမြောက် ဥရောပဖလားကို ဆွတ်ခူးရရှိခဲ့သည်။

### လီဗာပူး ဂိုးသမား ဒူဒက်အား ရီးယဲလ်မဒရစ် ကမ်းလှမ်း

**လီဗာပူး ဇွန် ၁၆**

မိမိအား စပိန်ရီးယဲလ်မဒရစ်အသင်းက ခေါ်ယူရန်ဆက်သွယ်လျက်ရှိကြောင်း လီဗာပူးအသင်းမှ ပိုလန်ဂိုးသမား ဂျာဇီဒူဒက်**(အောက်ပုံ)**က ယနေ့ပြောကြားသည်။ ဒူဒက်သည် လီဗာပူးအသင်းနှင့် ချုပ်ဆိုထားသော ကန်ထရိုက်စာချုပ်သက်တမ်း ကုန်ဆုံးသွားပြီဖြစ်သည်။

မိမိကို ကမ္ဘာပေါ်ရှိထိပ်တန်းဘောလုံးအသင်းဖြစ်သည့် ရီးယဲလ်မဒရစ်က ခေါ်ယူရန် ကမ်းလှမ်းထားကြောင်း ဒူဒက်ကပြောကြားသည်။

ဒူဒက်သည် လီဗာပူးအသင်းသို့ ၂၀၀၁ခုနှစ်တွင် ရောက်ရှိလာခဲ့သည်။ ဒူဒက်ပါဝင်သည့် လီဗာပူးအသင်းသည် ၂၀၀၅ခုနှစ် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အေစီမီလန်အသင်းကို ပယ်နယ်တီဖြင့်အနိုင်ရရှိခဲ့သည်။

### ဂိုးသမားဘတ်ဖွန်အား ဂျူဗင်တပ်စ်နည်းပြသစ် ချီးကျူး

**ရောမ ဇွန် ၁၆**

မိမိ၏အသင်းတွင် ပထမဦးစားပေး ဂိုးသမားအဖြစ် ဂီယန်လွီဂီ ဘတ်ဖွန် ဆက်လက်ရှိနေရန်လိုလားကြောင်း ဂျူဗင်တပ်စ်အသင်း၏နည်းပြသစ် ကလော်ဒီယို ရိန်နာရီက ယနေ့ပြောကြားသည်။

ဘတ်ဖွန်သည် အီတလီလက်ရွေးစင်အသင်းကို ကိုယ်စားပြုကာ ဘောလုံးကစားလျက်ရှိသူလည်းဖြစ်ကြောင်း၊ မိမိတို့အသင်းတွင် ဘတ်ဖွန်ရှိနေခြင်းမှာ အထူးပင်ကောင်းမွန်လှကြောင်း၊ ၎င်းကဲ့သို့သော ဘောလုံးသမားအများအပြား မိမိတို့လိုအပ်ကြောင်း ရိန်နာရီကပြောကြားသည်။ ဘတ်ဖွန်သည် မကြာသေးမီက ဂျူဗင်တပ်စ်အသင်းတွင် ၂၀၁၂ခုနှစ် အထိ ပါဝင်ကစားရန် ကန်ထရိုက်စာချုပ်သက်တမ်း တိုးခဲ့သည်။

ဂျူဗင်တပ်စ်အသင်း၏ ဂိုးသမား ဘတ်ဖွန်။

# အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လူကုန်ကူးမှု အစီရင်ခံစာ

## နိုင်ငံတကာလူကုန်ကူးမှု တိုက်ဖျက်ရန် ရည်ရွယ်သည်ဟုဆိုသော်လည်း ရည်ရွယ်ချက်နှင့် ကိုက်ညီမှုမရှိ

## မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေး စွမ်းစွမ်းတမံ ကြိုးပမ်းနေမှုများကို ပြည့်ပြည့်စုံစုံ ဖော်ပြမထား

## မြန်မာနိုင်ငံအစိုးရအနေဖြင့် လူကုန်ကူးမှုအန္တရာယ်ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များအားလုံးနှင့် ပူးပေါင်းဆောင်ရွက်နေ

**အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက နိုင်ငံခွဲခြားသတ်မှတ်ရာ၌ မြန်မာနိုင်ငံကို အဆင့်-၃၌ ထည့်သွင်းထားခြင်းကို မြန်မာနိုင်ငံက လုံးဝပယ်ချ**

နေပြည်တော် ဇွန် ၁၆

**ယခုနှစ် ဇွန်လတွင် ထုတ်ပြန်ခဲ့သော အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ လူကုန်ကူးမှုအစီရင်ခံစာ၌ ၎င်းတို့မလိုလားသော နိုင်ငံများကိုသာ ရွေးချယ်ဖော်ပြထားသည်ကို တွေ့ရသည်။ အမေရိကန်က နိုင်ငံတကာလူကုန်ကူးမှုကို တိုက်ဖျက်ရန် ရည်ရွယ်လုပ်ဆောင်နေသည်ဟု ဖော်ပြထားသော်လည်း ယင်းအစီရင်ခံစာသည် ရည်ရွယ်ချက်နှင့် ကိုက်ညီမှုမရှိသည့်အပြင် မြန်မာနိုင်ငံက လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းနေမှုများကို ပြည့်ပြည့်စုံစုံ ဖော်ပြထားခြင်းမရှိပါ။**

အစီရင်ခံစာ၏ စွပ်စွဲတင်မှုအပိုင်းတွင် ယမန်နှစ်က မြန်မာနိုင်ငံအစိုးရ၏ လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်း၌ တိုးတက်မှုများကို ဖော်ပြထားသည်။ ၂၀၀၆ ခုနှစ်အတွင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် အမှုပေါင်း ၁၉၁ မှုတွင် လူကုန်ကူးသူ ၄၀၀ ကျော်ကို ဖော်ထုတ်နိုင်ခဲ့ကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် သတင်းအချက်အလက် ဖလှယ်ရာ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် လူမှောင်ခိုမှုနှင့် လူကုန်ကူးမှုဆိုင်ရာ သတင်းအချက်အလက်များကို ခွဲခြားဆောင်ရွက်လာနိုင်ကြောင်း ဖော်ပြထားသည်။

အစီရင်ခံစာ၏ အကာအကွယ်ပေးမှုအပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြန်လည်ဝင်ရောက်လာသော **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ✻

## စီမံကိန်းများ သတ်မှတ်ကာလထက် စောပြီးရေး အားသွန်ခွန်စိုက်ဆောင်ရွက်

## မိုးရာသီ သဘာဝဘေးအန္တရာယ်ကို ကာကွယ်နိုင်ရန် ကြိုတင်စီစဉ်ထား

ရန်ကုန် ဇွန် ၁၆

**အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းသည် ဇွန် ၁၄ ရက် ညနေပိုင်းတွင် ဖြူးချောင်းရေအားလျှပ်စစ် စီမံကိန်းသို့ ရောက်ရှိ၍ ရေယူဥမင်အထွက်ပိုင်း တူးဖော်နေမှုကို ဝင်ရောက်ကြည့်ရှုစစ်ဆေးရာ စီမံကိန်း ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းဟန်နှင့် အင်ဂျင်နီယာများက ရေယူဥမင်တူးဖော်နေမှုကို ရှင်းလင်းတင်ပြသည်။**

ဆက်လက်၍ ဝန်ကြီးသည် ရေယူအဆောက်အအုံ၊ ဂိတ်ရှပ် (Gate Shaft) တံခါးအတွက် အဆောက်အအုံ ဆောက်လုပ်နေမှု၊ ပြီးစီးမှုကိုလည်းကောင်း၊ ရေယူဥမင် အဝင်ဝ တူးဖော်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ခံ အင်ဂျင်နီယာများက ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက အင်ဂျင်နီယာများအား မိုးရာသီ ရောက်လာပြီဖြစ်၍ ရေစိမ့်ဝင်မှုတို့ကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင် ဘူမိ/ ပထဝီအနေအထားအရ လည်းကောင်း၊ ဥမင်တူးဖော်ရာတွင် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❁

**ကြည့်ရှုစစ်ဆေး**

**အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ကွန်းချောင်း ရေအားလျှပ်စစ် စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

## NLD သည် ပြည်တွင်း၊ ပြည်ပအဖျက်သမားများနှင့် ပူးပေါင်း၍ နိုင်ငံတော်အား နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးနေ နိုင်ငံတော်အစိုးရ၏ တိုင်းကျိုးပြည်ပြုလုပ်ဆောင်ချက်များကို လျစ်လျူရှုကာ သူ့ကျွန်ဘဝရောက်အောင်လုပ်ဆောင်

# ဆိပ်ကြီးခနောင်တိုနှင့် အိမ်မဲမြို့နယ်တို့မှ ပါတီဝင် ၁၃ ဦး နုတ်ထွက်

**ရန်ကုန် ဇွန် ၁၆**

ရန်ကုန်တိုင်း ဆိပ်ကြီးခနောင်တိုမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ စည်းရုံးရေးအဖွဲ့ဝင်များဖြစ်ကြသော ဦးမြင့်ဆွေ အပါအဝင် ခြောက်ဦးတို့သည် ဇွန် ၇ ရက်တွင်လည်းကောင်း၊ ဧရာဝတီတိုင်း အိမ်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ခတ္တိယကျေးရွာအုပ်စုမှ ဦးကြည်ဝင်းအပါအဝင် ခုနစ်ဦးတို့သည် ဇွန် ၁၀ ရက်တွင်လည်းကောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ ၎င်းတို့၏ ဆန္ဒအလျောက်နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ●

**ယနေ့မိုးလေဝသ**

၁၇-၆-၂၀၀၇

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**